# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၉၄)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ၁၆-၆-၂၀၂၄၊ တနင်္ဂနွေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြား

# မိတ္ထီလာဒေသ၏ ထူးခြားသည့်ဝိသေသများနှင့် အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများအား မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။ စာမျက်နှာ ၃ သို့ ○






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၅

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ယနေ့ ဖတ်စရာအညွှန်း


အက်စ်ပရက်ဆို ကော်ဖီအရသာထူးခြားသည်မှာ နွားနို့ပရိုတိန်းများ အပြောင်းအလဲမရှိသောကြောင့်ဖြစ်

စာမျက်နှာ ၇

ပညာရဲရင့် ပွဲလယ်တင့်(ဆောင်းပါး)

စာမျက်နှာ ၁၀

၂၀၂၄ ခုနှစ်၊ ဇွန် ၁၆ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

# စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ အသိပညာဟူသည်ကားရှာ၍ မကုန်ယူ၍ မခန်းနိုင်သော သဘောရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများ အတန်းပညာပြီးမြောက်သော်လည်း ပညာရရှိရန်အတွက် စာအုပ်စာပေများကို အစဉ်တစ်စိုက်လေ့လာရမည်ဖြစ်သည်။ ထိုသို့ လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူ၊ ငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူ ဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးအစားစုံလင်ပြီး မိမိဖတ်ရှုလိုသောစာအုပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်သည်။

ထို့အပြင် " ပညာဘဏ်တိုက် စာကြည့်တိုက် "ဟူ၍ အဆိုရှိပြီး စာကြည့်တိုက်သည် ပညာလိုလားသူတိုင်းအတွက် ကွန်းခိုရာနေရာတစ်ခုလည်းဖြစ်သည်။ တက္ကသိုလ်များသည်လည်း စာကြည့်တိုက်များဖြင့် ဂုဏ်တင့်ဝင့်ထည်လျက်ရှိသည်။ တက္ကသိုလ်များ၏ အသည်းနှလုံးသည် စာကြည့်တိုက်ဖြစ်သည်ဟူသော အဆိုရှိသည်။ တက္ကသိုလ်များ၏ ဂုဏ်သည်ကြီးမားသော စာကြည့်တိုက်ကြီးများရှိနေခြင်းပင်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ မန္တလေးတက္ကသိုလ်စာကြည့်တိုက်တို့သည် တက္ကသိုလ်ကြီးများနှင့် စာကြည့်တိုက်များသည် တွဲလျက်ရှိနေကြသည်။ ပညာရည်ပြည့်ဝသော လူမျိုးနိုင်ငံဖြစ်စေရန်အတွက် စာပေ၏တန်ဖိုးကို သိရှိနားလည်စေရန် ပညာအလင်းရောင်စာကြည့်တိုက်များကို ကျေးလက်တောရွာအနှံ့ တည်ဆောက်လျက်ရှိကြသည်။ ထို့ကြောင့် စာကြည့်တိုက်များသည် မရှိမဖြစ်တဏ္ဍာတိုက်များအဖြစ်အရေးပါလာသည်။ စာကြည့်တိုက်ထဲမှ စာအုပ်များကို ဖတ်ရှုရာတွင် အချို့စာအုပ်များမှာ အပျော်ဖတ်သက်သက်ဖြစ်၍ စိတ်ထဲ၌ စွဲမှတ်မထားသင့်ပါ။ အချို့စာအုပ်များမှာမူ မိမိ၏ ဘဝအသိအမြင်ကို ပြောင်းလဲစေသည့်အတွက် တန်ဖိုးထားမှတ်သားရမည်ဖြစ်သည်။ လူတိုင်းလူတိုင်းစာဖတ်ခြင်းကြောင့် အသိအလိမ္မာတိုးပွားပြီး အမှား၊ အမှန်ကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "အလုံးစုံသောမွေ့လျော်ခြင်းတို့တွင် စာအုပ်စာပေဖြင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏"ဟု ဆိုခဲ့သည်။

မြန်မာနိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ရာခိုင်နှုန်း ရှိသည့်အတွက် ကျေးလက်ဒေသနေ ပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးရန်အတွက် စာကြည့်တိုက်များ အားပေးမြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်၊ ဗလငါးတန်ပြည့်ဝသော လူငယ်များ ပေါ်ထွက်လာစေရေး မိဘများ၊ ဆရာ ဆရာမများက ကြိုးစားဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ တစ်ကမ္ဘာလုံးက ပညာအခြေခံ လူ့အဖွဲ့အစည်းတည်ဆောက်ရေးကို ယဉ်ကျေးမှုတစ်ရပ်သဖွယ် လက်ခံကျင့်သုံးလျက်ရှိကြသည်။ ပညာသည်သာ အနာဂတ်ကို ရင်ဆိုင်နိုင်ဖွယ်ရာတစ်ခုတည်းသောအရာဟု သဘောထားနေကြသည်။ ပညာရှာ၊ ပညာဖြည့်၊ ပညာဖြန့်ယဉ်ကျေးမှုကို နက်နက်နဲနဲ သုံးစွဲနေကြပြန်သည်။

ထိုကဲ့သို့ ပညာခေတ်တွင် စာအုပ်များစုဝေးရာ စာကြည့်တိုက်များသည် ပျော်မွေ့စရာ နေရာကောင်းဖြစ်လည်းဖြစ်သည်။

လူငယ်လူရွယ်များအနေဖြင့် စိတ်ဓာတ်များရင့်ကျက်ပြီး ပညာဗဟုသုတရရှိစေမည့် စာကြည့်တိုက်များ၌ မွေ့လျော်သင့်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မာရဝိဇယဘုရားကြီးနှင့် ဥပ္ပါတသန္တိဘုရားကြီးသို့ ဝန်ထမ်းမိသားစုများ ဘုရားဖူးသွားရောက်



**မန္တလေး ဇွန် ၁၅**

နေပြည်တော်ရှိ မာရဝိဇယဘုရားကြီးနှင့် ဥပ္ပါတသန္တိဘုရားကြီးသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ ပဌမအကြိမ် ဘုရားဖူးသွားရောက်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစု(၁၀၀)ဦးသည် မီနီဘတ်စ်ကား(၅)စီးဖြင့် ပဌမအကြိမ်အဖြစ် စနေနေ့ ရုံးပိတ်ရက်တွင် နေပြည်တော်သို့ ယနေ့နံနက်ပိုင်းက ထွက်ခွာပြီး မာရဝိဇယ ဘုရားကြီးနှင့် ဥပ္ပါတသန္တိဘုရားကြီးသို့ သွားရောက်ဖူးမြော်ရာ သက်ဆိုင်ရာ ဂေါပကအဖွဲ့များက ဘုရားသမိုင်းမှတ်တမ်း ဗီဒီယိုမှတ်တမ်းပြသပြီး ဘုရားအား လှည့်လည်ဖူးမြော်ခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ပြီး ယင်းဘုရားဖူးအစီအစဉ်ကို အပတ်စဉ် စနေနေ့တိုင်း ဝန်ထမ်းမိသားစုများ အလှည့်ကျ သွားရောက်ဖူးမြော်ကြမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

## ချောင်းကြီး မြောင်းကြီးများ သန့်ရှင်းသာယာရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၁၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် အမရဌာနီ အရှေ့ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၇လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃လမ်းနှင့်၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ရေနီမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၅လမ်းနှင့် ၁၇လမ်းကြား၌ မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် အနိပ်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၁လမ်း ချမ်းမြေ့အောင်လမ်း မြောင်းအတွင်းမှ အမှိုက်နှင့်မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း၆၀ နှင့် ၆၂လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၁လမ်း မြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၇၅လမ်းနှင့် ၇၆လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၉လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၇လမ်းနှင့် ၂၈လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၆လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ၂၉လမ်းနှင့် လမ်း ၃၀ကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ၅၉လမ်း အရှေ့ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို PC-200 စက်အသုံးပြု၍ ၄၃လမ်းနှင့် သိပ္ပံလမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ၄၆လမ်း အရှေ့ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၁၄လမ်းနှင့် ၁၁၄ C လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ကိုလံဘိုမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နွံနှင့်ဒိုက်များကို Long-arm စက်အသုံးပြု၍ တောင်ဥယျာဉ်ရပ်ကွက်နှင့် Garden City တိုက်ခန်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ညရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၄၀လမ်း မြောက်ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၅၃လမ်းနှင့် ၅၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၅၉ Bလမ်း အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၂၀လမ်းနှင့် ၁၂၁လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့်ရန်မိန်းလမ်း အရှေ့ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် တန့်ကြည်တောင်ဘုန်းကြီးကျောင်းရှေ့ မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

၁ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ**

ဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသတွင်းလူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာယာလှပရေး အပါအဝင်ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက မိတ္ထီလာမြို့သည် တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့် မြို့ဖြစ်သကဲ့သို့ ရောင်းဝယ်ဖောက်ကားမှုများ ကောင်းမွန်သည့်မြို့ ဖြစ်သဖြင့် ကုန်စည်စီးဆင်းမှုများ ယခုထက်ပိုမိုလျင်မြန်ကောင်းမွန်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းစေရေးတို့အတွက် မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်ပေးစေလိုမှု၊ ကျောင်းသားစုံညီပွဲတော် ပြုလုပ်နိုင်ရေး ခန်းမတစ်ခု တည်ဆောက် ပေးစေလိုမှု၊ မိတ္ထီလာ-ကျောက်ပန်းတောင်း မြို့ရှောင်လမ်း ဆောင်ရွက်ပေးစေလိုမှု၊ ဝါသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေး၊ ပြည်တွင်း ချည်မျှင်နှင့် အထည်လိုအပ်ချက်ပြည့်မီရေးတို့တွင် အခြေခံအကျဆုံးဖြစ်သည့် ဝါစိုက်တောင်သူများ၏ လိုအပ်ချက်များနှင့် ဝါမျိုးကောင်းမျိုးသန့်များရရှိရေး ဖြည့်ဆည်းပေးစေလိုမှု၊ စပါးစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန် လိုအပ်မှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

**တင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဆွေးနွေး ပြောကြား**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီးများက ဝါစိုက်တောင်သူများ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ပြည်တွင်းပြည်ပမှ ဝါမျိုးများကို သုတေသနပြုလုပ် စမ်းသပ်လျက်ရှိမှု၊ စပါးမျိုးကောင်းမျိုးသန့် ရရှိရေး၊ မိတ္ထီလာခရိုင်အတွင်း သွင်းအားစုများ သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်စေရေးနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသဖြင့် လိုအပ်ချက်ရှိသည်များကို ချိတ်ဆက် ဆောင်ရွက်သွားရန်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့မိမြို့ဖများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေး အတွက် နိုင်ငံတော်က လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးရေး လုပ်ငန်းရှင်များကလည်း မှန်မှန်ကန်ကန်နှင့် နည်းစနစ်တကျ စိုက်ပျိုးဆောင်ရွက်သွားရန် လိုအပ်မှု၊ ဝါစိုက်ပျိုးမှုနှင့် အထည်အလိပ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ သွင်းအားစုများ ပြည့်မီရေး၊ စက်ကိရိယာများနှင့် ထုတ်လုပ်မှုနည်းစနစ်များရရှိရေးနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရေး ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း အထည်အလိပ်စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသဖြင့် ကုန်ကြမ်းများရရှိစေရေးအတွက်လည်း ဝါစိုက်တောင်သူများက ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များတွင်ပါဝင်သည့် မြို့တွင်းလမ်းများ အဆင့် မြှင့်တင်ပေးစေလိုမှုနှင့် ပတ်သက်၍ နိုင်ငံတော်က တတ်နိုင်သရွေ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းအသုံးပြုသူများ အနေဖြင့်လည်း သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိတိကျကျလိုက်နာခြင်းဖြင့် လမ်းများရေရှည်တည်တံ့ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းပိုင်းအရ ကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ ကြပ်မတ်ဆောင်ရွက်မည်ဆိုပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ပြီး ယာဉ်ကြော ပိတ်ဆို့မှုများနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း၊ ကျောင်းသားစုံညီပွဲတော်ပြုလုပ်နိုင်ရေး ခန်းမလိုအပ်ချက်နှင့်ပတ်သက်၍ စိစစ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ စနစ်တကျဖြင့် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး စာသင်ကျောင်းများ၏ အကျယ်အဝန်းနှင့် ကျောင်းဆောင်များကို သတ်မှတ်ထားသည့်ပုံစံများဖြင့် တည်ဆောက်နိုင်ရေး နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝါမျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကစီးပွားရေးကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် သက်ဆိုင်ရာ လုပ်ငန်းရှင်များကလည်း ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်က တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးသွားမည်ဖြစ်သော်လည်း ဝါမျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေး ဝါစိုက်တောင်သူများက အဓိကကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ စပါးမျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေးအတွက်လည်း မိမိတို့ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ထုတ်ယူရရှိနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

**မိတ္ထီလာခရိုင်သည် ဗဟိုအချက်အချာကျပြီး ထူးခြားသည့် ဝိသေသနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာခရိုင်သည် မြန်မာပြည်၏ အဓိကလမ်းဆုံလမ်းခွဖြစ်ပြီး ထူးခြားသည့် ဝိသေသရှိသည့် ဒေသတစ်ခု ဖြစ်ကြောင်း၊ တည်နေရာ အနေအထားအရ နိုင်ငံ၏ အလယ်ပိုင်း၌ရှိသည့်အပြင် ကုန်သွယ်မှုတွင်ဗဟိုကျပြီး အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခု ဖြစ်ကြောင်း၊ သွားလာမှုနှင့် ပတ်သက်၍လည်း အဆင်ပြေလွယ်ကူသည့် မြေအနေအထားကို

စာမျက်နှာ ၄ သို့ »»»

**မိတ္ထီလာခရိုင် ၂၀၂၃-၂၀၂၄ ခုနှစ်၊ ပန်းတိုင်သီးနှံများ၏ သီးနှံစိုက်ပျိုးထွက်ရှိမှုအခြေအနေ**

| စဉ် | သီးနှံ | စိုက်ဧရိယာ (ဧက) | ရိတ်ဧရိယာ (ဧက) | လက်ရှိအထွက် | | ပန်းတိုင် | |
|---|---|---|---|---|---|---|---|
| | | | | (၁)ဧက အထွက်နှုန်း | စုစုပေါင်း အထွက် | (၁)ဧက အထွက်နှုန်း | စုစုပေါင်း အထွက် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆=၄×၅ | ၇ | ၈=၇×၄ |
| ၁ | စပါးစုစုပေါင်း | ၁၂၃,၅၄၂ | ၁၁၄,၂၅၇ | ၆၈.၂၆ | ၇,၇၉၈,၈၀၈ | | ၁၁,၄၂၅,၇၀၀ |
| | မိုးစပါး | ၁၁၄,၂၅၇ | ၁၁၄,၂၅၇ | ၆၈.၂၆ | ၇,၇၉၈,၈၀၈ | ၁၀၀ တင်း | ၁၁,၄၂၅,၇၀၀ |
| | နွေစပါး | ၉,၂၈၅ | | | | ၁၁၀ တင်း | |
| ၂ | မြေပဲ | ၅၂,၆၈၄ | ၅၂,၆၈၄ | ၃၄.၄၀ | ၁,၈၁၂,၀၇၃ | ၇၀ တင်း | ၃,၆၈၇,၈၈၀ |
| ၃ | နှမ်း | ၃၃၃,၆၅၄ | ၃၂၀,၁၉၇ | ၃.၈၆ | ၁,၂၃၅,၂၉၃ | ၂၀ တင်း | ၆,၄၀၃,၉၄၀ |
| ၄ | နေကြာ | ၁၄,၄၀၅ | ၁၄,၄၀၅ | ၁၂.၄၉ | ၁၇၉,၈၉၃ | ၅၀ တင်း | ၇၂၀,၂၅၀ |
| ၅ | ပဲတီစိမ်း | ၃၆,၄၂၇ | ၃၆,၄၂၇ | ၇.၇ | ၂၈၀,၃၃၄ | ၂၀ တင်း | ၇၂၈,၅၄၀ |
| ၆ | ပဲစင်းငုံ | ၉၆,၇၄၀ | ၉၆,၇၄၀ | ၆ | ၅၈၀,၂၇၇ | ၂၅ တင်း | ၂,၄၁၈,၅၀၀ |
| ၇ | ဝါ | ၃၈,၈၂၅ | ၃၈,၈၀၄ | ၃၆၅.၂၁ | ၁၄,၁၇၁,၆၃၃ | ၇၀၀ ပိဿာ | ၂၇,၁၆၂,၈၀၀ |

**မှတ်ချက်။** - ၂၀၂၃-၂၀၂၄ခုနှစ်၊ နွေစပါးနှင့် နှမ်းသီးနှံတို့မှအပ ကျန်သီးနှံများ ရိတ်သိမ်းပြီးဖြစ်ပါသည်။
- မိတ္ထီလာခရိုင်တွင် အစေ့ထုတ်ပြောင်း၊ မတ်ပဲနှင့် ကြံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမရှိပါ။

**၂၀၂၃ - ၂၀၂၄ ခုနှစ်၊ မိတ္ထီလာခရိုင် စပါးပန်းတိုင်အထွက်နှုန်းထွက်ရှိပါက ဆန်ဖူလုံမှုအခြေအနေ**

| စဉ် | မြို့နယ် | ၂၀၂၃-၂၀၂၄ ခုနှစ်စိုက်ဧက | | | ပန်းတိုင် အထွက်နှုန်း | | အထွက်တင်း | | | ဝမ်းစာ လိုအပ်ချက် | ဖူလုံမှု (%) |
|---|---|---|---|---|---|---|---|---|---|---|---|
| | | မိုးစပါး | နွေစပါး | ပေါင်း | မိုး | နွေ | မိုးစပါး | နွေစပါး | ပေါင်း | | |
| ၁ | မိတ္ထီလာ | ၁၂,၆၁၉ | ၄၆၈ | ၁၃,၀၈၇ | ၁၀၀ | ၁၁၀ | ၁,၂၆၁,၉၀၀ | ၅၁,၄၈၀ | ၁,၃၁၃,၃၈၀ | ၅,၀၃၃,၇၄၅ | ၂၆ |
| ၂ | ဝမ်းတွင်း | ၅၉,၀၉၇ | ၈,၁၂၆ | ၆၇,၂၂၃ | ၁၀၀ | ၁၁၀ | ၅,၉၀၉,၇၀၀ | ၈၉၃,၈၆၀ | ၆,၈၀၃,၅၆၀ | ၃,၆၉၄,၈၃၀ | ၁၆၉ |
| ၃ | မလှိုင် | ၅,၉၁၉ | ၃၂ | ၅,၉၅၁ | ၁၀၀ | ၁၁၀ | ၅၉၁,၉၀၀ | ၃,၅၂၀ | ၅၉၅,၄၂၀ | ၂,၆၈၃,၈၉၀ | ၂၂ |
| ၄ | သာစည် | ၃၆,၆၂၂ | ၆၅၉ | ၃၇,၂၈၁ | ၁၀၀ | ၁၁၀ | ၃,၆၆၂,၂၀၀ | ၇၂,၄၉၀ | ၃,၇၃၄,၆၉၀ | ၃,၁၇၈,၇၄၀ | ၁၁၁ |
| | ပေါင်း | ၁၁၄,၂၅၇ | ၉,၂၈၅ | ၁၂၃,၅၄၂ | ၁၀၀ | ၁၁၀ | ၁၁,၄၂၅,၇၀၀ | ၁,၀၂၁,၃၅၀ | ၁၂,၄၄၇,၀၅၀ | ၁၄,၅၉၁,၂၀၅ | ၈၂ |

**မှတ်ချက်။** စပါးတင်း(၁၀၀) ကြိတ်လျှင် ဆန် (၁.၂၉၆)တန် ထွက်ရှိနှုန်းဖြင့်တွက်ချက်ထားပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ် မိတ္ထီလာခရိုင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု

| စဉ် | နိုင်ငံ | စိုက်ဧရိယာ | | တစ်ဧကအထွက်နှုန်း | | အထွက်ပေါင်း | |
|---|---|---|---|---|---|---|---|
| | | ဟက်တာ | ဧက | တန်/ဟက်တာ | ပိဿာ/ဧက | တန် | ပိဿာ |
| ၁ | ဘင်္ဂလားဒေ့ရှ် | ၂၀၅,၄၀၅ | ၅၀၇,၅၅၆ | ၁၂.၂၅ | ၃,၀၃၆.၉၆ | ၂,၅၁၇,၀၇၀ | ၁,၅၄၁,၄၂၈,၄၉၇ |
| ၂ | တရုတ် | ၁,၁၂၂,၈၇၁ | ၂,၇၇၄,၆၁၄ | ၂၁.၉၁ | ၅,၄၃၀.၆၃ | ၂၄,၆၀၅,၁၀၀ | ၁၅,၀၆၇,၉၁၇,၁၈၉ |
| ၃ | အိန္ဒိယ | ၁,၉၄၁,၀၀၀ | ၄,၇၉၆,၂၁၁ | ၁၆.၃၃ | ၄,၀၄၅.၈၆ | ၃၁,၆၈၇,၀၀၀ | ၁၉,၄၀၄,၈၀၁,၉၃၀ |
| ၄ | ထိုင်း | ၁,၄၄၉ | ၃,၅၈၀ | ၂၅.၀၈ | ၆,၂၁၄.၅၈ | ၃၆,၃၃၅ | ၂၂,၂၅၁,၁၉၁ |
| ၅ | ဗီယက်နမ် | ၉၈,၂၇၁ | ၂၄၂,၈၂၈ | ၃.၅၉ | ၈၈၉.၃၀ | ၃၅၂,၆၂၈ | ၂၁၅,၉၄၅,၈၆၁ |
| ၆ | မြန်မာ | ၇၀,၉၇၀ | ၁၇၅,၃၆၈ | ၁၄.၉ | ၃,၆၉၁.၆၂ | ၁,၀၅၇,၁၅၆ | ၆၄၇,၃၉၂,၀၃၁ |
| ၇ | မိတ္ထီလာခရိုင် | ၅.၄၂၁ | ၁၃,၃၉၆ | ၁၃.၅၈ | ၃,၃၆၆.၆၄ | ၇၃,၆၄၅ | ၄၅,၀၉၉,၄၇၆ |

**ရှင်းလင်းချက်။** - တစ်ဟက်တာ = ၂.၄၇၁ ဧက၊ တစ်တန် = ၆၁၂.၃၉ ပိဿာ

**မှတ်ချက်။** မိတ္ထီလာခရိုင်၏ ကြက်သွန်နီထွက်ရှိမှုမှာ တစ်နိုင်ငံလုံး၏ ၆.၉၇ ရာခိုင်နှုန်း ဖြစ်ပါသည်။

မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုး/မွေးမြူရေးကို အခြေခံသည့် အဓိကစီးပွားရေးလုပ်ငန်းများ

| စဉ် | မြို့နယ် | လုပ်ငန်းအမည် | | ရေတွက်ပုံ | တစ်နှစ်ထုတ်လုပ်နိုင်မှု/ဆောင်ရွက်နိုင်မှု | တစ်နှစ်ထုတ်လုပ်မှုတန်ဖိုး (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| **စိုက်ပျိုးရေးကို အခြေခံသည့် အဓိကစီးပွားရေးလုပ်ငန်းများ** | | | | | | | |
| ၁ | မိတ္ထီလာ | အောင်သစ္စာဆန်စက် | | တန် | ၃,၀၀၀ | ၈,၁၀၀ | |
| ၂ | | သိန်းကမ္ဘာပဲခွဲစက် | | တန် | ၇၃ | ၂,၁၆၀ | |
| ၃ | မလှိုင် | နိုင်လွန်(ပဲခွဲစက်) | | တန် | ၆၀၀ | ၂၁၁.၄၈ | |
| ၄ | ဝမ်းတွင်း | ဝင်း(ပဲကြော်) | | တန် | ၁,၆၈၈.၆ | ၉.၉၅၃ | |
| ၅ | | ဖိုးထောင်(ပဲကြော်) | | တန် | ၈၂၀.၈ | ၄,၈၃၈ | |
| ၆ | | မြသဇင်(ပုဆိုး) | | ထည် | ၂၅၀,၀၀၀ | ၂.၂၅၀ | |
| ၇ | | ကိန္နရီ(ပုဆိုး) | | ထည် | ၁,၇၃၀,၀၀၀ | ၁၅.၅၇၀ | |
| ၈ | | Leader of Taxtile (ချည်ဆေးဆိုး) | | တန် | ၂၀၀ | ၂,၀၀၀ | |
| ၉ | | မင်းရန်နိုင်ဝါကြိတ်စက် | | တန် | ၁၄၄ | ၅၂၅ | |
| **မွေးမြူရေးကို အခြေခံသည့် အဓိကစီးပွားရေးလုပ်ငန်းများ** | | | | | | | |
| ၁၀ | မိတ္ထီလာ | ဦးခင်မောင်ဝင်း(နွားမွေးမြူရေးခြံ)၊ | ဒိန်ချဉ် | တန် | ၅၃.၅ | ၁၈၀.၆၈ | |
| | | | နို့ဆီ | တန် | ၅၉.၄ | ၃၁၀.၂၅ | |
| | | | နို့စိမ်း | တန် | ၆၅.၄ | ၁၂၀.၄၅ | |
| ၁၁ | | ဦးမောင်မြင့်(ဆိတ်မွေးမြူရေးခြံ) | ထိန်းစမ်း | ကောင်ရေ | ၁,၈၀၀ | ၁၃၁၂.၅ | |
| | | | ကျိတ်နီ | ကောင်ရေ | ၇၀၀ | | |
| ၁၂ | | ဦးမြဟန်(ဆိတ်မွေးမြူရေးခြံ) | ထိန်းစမ်း | ကောင်ရေ | ၂,၀၀၀ | ၄၂၀ | |
| | | | ကျိတ်နီ | ကောင်ရေ | ၇၀၀ | | |

»»» စာမျက်နှာ ၃ မှ

ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ မိမိအနေဖြင့် မိတ္ထီလာခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များပေါ်တွင်အခြေခံ၍ ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သင့်သည်များနှင့် ဆောင်ရွက်နိုင်သည်များကို စနစ်တကျ တွက်ချက်လေ့လာခဲ့ပြီး ဆန်းစစ်ရရှိလာသည့် စာရင်းဇယား အချက်အလက်များကို Powerpoint presentation ဖြင့် ရှင်းလင်း ဆွေးနွေးပြောကြားသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏ ရေခံမြေခံနှင့် အခြေခံကောင်းများ ထိထိမိမိ အသုံးချနိုင်ရေး တွက်ချက်ထားခြင်းဖြစ်ပြီး ဒေသဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း စဉ်းစားသုံးသပ် ဆောင်ရွက်ကြစေလိုကြောင်း။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်

မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေး လုပ်ငန်းများ အဓိက ဆောင်ရွက်သည်ကို တွေ့ရှိရကြောင်း၊ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ဝါတို့ စိုက်ပျိုးသည်ကို တွေ့ရှိရပြီး ပန်းတိုင်အထွက်နှုန်း အနေဖြင့် ရည်မှန်းချက်နှင့် ကွာဟနေသေးသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများ မှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေများ ကောင်းမွန်မှုမရှိသဖြင့် အထွက်နှုန်းနည်းရခြင်းဖြစ်သည်ဟု တင်ပြချက်များအရ သိရှိရကြောင်း၊ မြေကောင်းမွန်မှုမရှိပါက လိုအပ်သည့်သွင်းအားစုများကို ပြည့်မီအောင် ထည့်သွင်းခြင်း၊ နည်းလမ်းရှာ၍ မြေဆီမြေလွှာကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာထွက်ရှိမှုမရှိခြင်းကြောင့် မိတ္ထီလာခရိုင်၏ ဝင်ငွေကို များစွာ ထိခိုက်စေနိုင်သည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ တွက်ချက်မှုများအရ မိတ္ထီလာခရိုင်တွင် စပါးစိုက်ဧက စုစုပေါင်း ၁၂၃၅၄၂ ဧကရှိပြီး ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းထက် တစ်ဧကအထွက်နှုန်း ၃၁ ဒသမ ၇၄ လျော့နည်းသဖြင့် စုစုပေါင်းအထွက်နှုန်း ၃၆၂၆၈၉၂ လျော့နည်းမှု ဖြစ်ပေါ်မည်ဖြစ်ပြီး ငွေကျပ်သန်းပေါင်း ၇၉၇၉၁ ဒသမ ၆၂ သန်း လျော့နည်းမှုဖြစ်ပေါ်မည် ဖြစ်ကြောင်း၊ မြေပဲစိုက်ဧက ၅၂၆၈၄ ဧကခွဲ စုစုပေါင်း အထွက်နှုန်း ၁၈၇၅၈၀၇ လျော့နည်းမှု ဖြစ်ပေါ်ပြီး ငွေကျပ်သန်းပေါင်း ၄၆၈၉၅ ဒသမ ၁၈ သန်း လျော့နည်းနစ်နာမည်ဖြစ်ကြောင်း၊ နှမ်းစိုက်ဧက ၃၃၃၆၅၉ ဧကခွဲ စုစုပေါင်း အထွက်နှုန်း၅၁၆၈၆၄၇ လျော့နည်းမှုဖြစ်ပေါ်ပြီး ငွေကျပ်သန်းပေါင်း ၅၆၈၅၅၁ ဒသမ ၁၇ သန်းလျော့နည်းနစ်နာမည်ဖြစ်ကြောင်း၊ အလားတူ အခြားသီးနှံများဖြစ်သည့် နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ဝါစိုက်ပျိုးထွက်ရှိမှုများတွင်လည်း ပန်းတိုင်အထွက်နှုန်း လျော့နည်းခဲ့မှုကြောင့် မိတ္ထီလာဒေသအတွက် ငွေကျပ်သန်းပေါင်းများစွာ ထိခိုက်နစ်နာလျက်ရှိသဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မိမိတို့ခရိုင်၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်ကို လက်တွေ့ ဆန်းစစ်ချက်အရ တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စည်းကမ်းစနစ်တကျဖြစ်စေရေး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဦးဆောင်၍ အဓိကဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဖြင့် ဆောင်ရွက်၍ မရနိုင်သည်များကို အဆင့်ဆင့်တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံတော်အဆင့်နှင့် ဝန်ကြီးဌာနအလိုက် ပိုင်းဝန်းဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆီထွက်သီးနှံနှင့် ပတ်သက်၍ မိတ္ထီလာဒေသတွင် မြေပဲ၊ နှမ်းနှင့် နေကြာများကို စိုက်ပျိုးကြကြောင်း၊ ဆီအစားထိုးသီးနှံအဖြစ် ပဲပုပ်နှင့် နေကြာများ စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ပြည်တွင်းဆီ အထွက်နှုန်း တိုးတက်လာပြီး စီးပွားရေးအရ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ ဝါသည် စက်မှုသီးနှံဖြစ်ပြီး အခြားသီးနှံများနှင့် သဘောသဘာဝ မတူညီသဖြင့် သာမန်မဟုတ်ဘဲ အလေးထား စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူတို့တွင် မွေးဖွားချိန်မှစ၍ သေဆုံးသည့်အချိန်အထိ အဝတ်အထည်နှင့် ကင်း၍မရနိုင်သည့်အတွက် ဝါစိုက်ပျိုးထုတ်လုပ်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍ၌ရှိနေကြောင်း၊ ပြည်တွင်း၌ A Grade ရှိသည့် ချည်များထုတ်လုပ်နိုင်ရေး ဝါမျိုးကောင်းမျိုးသန့်များ ရရှိရန်၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်သည် ဝါနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ထွက်ရှိသည့် ဒေသတစ်ခုဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီသည့် ချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းဖြစ်ထွန်းသည့် ဝါစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို ယခုထက် တိုးတက် အောင်မြင်အောင် ဦးဆောင် ဒေသတစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

### ကြက်သွန်နီစိုက်ပျိုးရေး

မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီစိုက်ပျိုးသည်ကို တွေ့ရှိရပြီး အထွက်ကောင်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက **စာမျက်နှာ ၆ သို့** »»»

၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ မိတ္ထီလာခရိုင်အတွင်း
အခြေခံပညာ (မူ၊ လယ်၊ ထက်)ကျောင်းများရှိ တန်းစဉ်ကူပြောင်းခဲ့သော ကျောင်းသား ကျောင်းသူစာရင်း

| စဉ် | မြို့နယ် | သူငယ်တန်း Grade-1 (၂၀၁၁-၂၀၁၂) | မူလတန်း Grade-2 | | | | အလယ်တန်း Grade-6 | | | | အထက်တန်း Grade-10 | | | | အထက်တန်း Grade-12 (၂၀၂၃-၂၀၂၄) | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | တက်ရောက်ဦးရေ | တက်ရောက်ရာခိုင်နှုန်း | လျော့နည်းဦးရေ | လျော့နည်းရာခိုင်နှုန်း | တက်ရောက်ဦးရေ | တက်ရောက်ရာခိုင်နှုန်း | လျော့နည်းဦးရေ | လျော့နည်းရာခိုင်နှုန်း | တက်ရောက်ဦးရေ | တက်ရောက်ရာခိုင်နှုန်း | လျော့နည်းဦးရေ | လျော့နည်းရာခိုင်နှုန်း | တက်ရောက်ဦးရေ | တက်ရောက်ရာခိုင်နှုန်း | လျော့နည်းဦးရေ | လျော့နည်းရာခိုင်နှုန်း |
| ၁ | မိတ္ထီလာ | ၆၃၃၀ | ၅၅၃၄ | ၈၇.၄၂% | ၇၉၆ | **၁၂.၅၈%** | ၅၄၈၂ | ၈၆.၆% | ၈၄၈ | **၁၃.၄%** | ၂၇၅၇ | ၄၃.၅၅% | ၃၅၇၃ | **၅၆.၄၅%** | ၂၄၇၇ | ၃၉.၁၃% | ၃၈၅၃ | **၆၀.၈၇%** |
| ၂ | ဝမ်းတွင်း | ၄၂၈၅ | ၃၉၄၄ | ၉၂.၀၄% | ၃၄၁ | **၇.၉၆%** | ၃၂၈၅ | ၇၆.၆၆% | ၁၀၀၀ | **၂၃.၃၄%** | ၈၅၀ | ၁၉.၈၄% | ၃၄၃၅ | **၈၀.၁၆%** | ၅၃၀ | ၁၂.၃၉% | ၃၇၅၄ | **၈၇.၆၁%** |
| ၃ | မလှိုင် | ၃၂၈၁ | ၂၈၀၆ | ၈၅.၅၂% | ၄၇၅ | **၁၄.၄၈%** | ၂၅၈၇ | ၇၈.၈၅% | ၆၉၄ | **၂၁.၁၅%** | ၈၄၇ | ၂၅.၈၂% | ၂၄၃၄ | **၇၄.၁၈%** | ၁၀၂၈ | ၃၁.၃၃% | ၂၂၅၃ | **၆၈.၆၇%** |
| ၄ | သာစည် | ၅၁၄၉ | ၄၃၈၅ | ၈၅.၁၆% | ၇၆၄ | **၁၄.၈၄%** | ၃၆၂၇ | ၇၀.၄၄% | ၁၅၂၂ | **၂၉.၅၆%** | ၁၃၈၆ | ၂၆.၉၂% | ၃၇၆၃ | **၇၃.၀၈%** | ၈၈၅ | ၁၇.၁၉% | ၄၂၆၄ | **၈၂.၈၁%** |
| | **ခရိုင်ချုပ်** | **၁၉၀၄၅** | **၁၆၆၆၉** | **၈၇.၅၂%** | **၂၃၇၆** | **၁၂.၄၈%** | **၁၄၉၈၁** | **၇၈.၆၆%** | **၄၀၆၄** | **၂၁.၃၄%** | **၅၈၄၀** | **၃၀.၆၆%** | **၁၃၂၀၅** | **၆၉.၃၄%** | **၄၉၂၀** | **၂၅.၈၄%** | **၁၄၁၂၄** | **၇၄.၁၆%** |

မှတ်ချက်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သူငယ်တန်း Grade-1 စတင်တက်ရောက်သော ကျောင်းသားများသည် စနစ်သစ်ကို အထက်တန်းအဆင့်တွင် ဝင်ရောက်ခဲ့ပြီး ၂၀၂၃-၂၄ ပညာသင်နှစ်တွင် Grade-12 စာမေးပွဲကို စတင်ဖြေဆိုပါသည်။

★ စာမျက်နှာ ၂၄ မှ

### ကောင်းထက်စံ နို့စားနွားမွေးမြူရေးလုပ်ငန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောမကျေးရွာရှိ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးခင်မောင်ဝင်းက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ နို့စားနွားများ မွေးမြူထားရှိမှု၊ နွားသားပေါက်များ မွေးမြူထားရှိမှုနှင့် နေ့စဉ် နို့ထုတ်လုပ်ရရှိမှု အခြေအနေများ၊ ဝင်းဝင်း 'တမ' နို့ချက်စက်ရုံမှ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိသည့် အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်းပြီး နို့နှင့် နို့ထွက်ပစ္စည်းများအား ပြည်ပနိုင်ငံများမှ တင်သွင်းနေရမှုအပေါ် ပြည်တွင်းထုတ် နို့နှင့် နို့ထွက်ပစ္စည်းများဖြင့် အစားထိုးနိုင်ရန် လိုအပ်သည့် အခြေအနေများနှင့် အခြားလိုအပ်သည်များကို အကြံပြု ဆွေးနွေးပြောကြားသည်။

### Leader of Textile Public Co.,Ltd.

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်သို့ရောက်ရှိကြပြီး မြန်မာနိုင်ငံရှိ မိရိုးဖလာရက်ကန်းလုပ်ငန်းများကို ခေတ်မီတိုးတက်စေရန်၊ အရည်အသွေးပြည့်မီသော ချည်ထည်များ ထုတ်လုပ်၍ ပြည်တွင်း၌သာမက ပြည်ပသို့တင်ပို့နိုင်ရန် ဝမ်းတွင်း၊ သာစည်၊ မိတ္ထီလာ၊ ရွှေတောင်၊ အမရပူရမြို့နယ်များမှ ရက်ကန်းလုပ်ငန်းရှင်များ စုပေါင်း၍ တည်ထောင်ထားသည့် Leader of Textile Public Co.,Ltd. သို့ ရောက်ရှိကြရာ ဒါရိုက်တာအဖွဲ့ဝင် ဦးလှဘူးနှင့် အင်ဂျင်နီယာ ဦးအောင်နိုင်ထွန်းတို့က လုပ်ငန်းလည်ပတ်နေမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက် အခက်အခဲများကို လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး အခက်အခဲများအား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

### ကိန္နရီ ချည်ချောလုံချည် ထုတ်လုပ်ရေးလုပ်ငန်းစု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝမ်းတွင်းမြို့ရှိ ရွှေသဲတောကုမ္ပဏီ၊ ကိန္နရီချည်ချောလုံချည် ထုတ်လုပ်ရေးလုပ်ငန်းစုသို့ရောက်ရှိကြရာ လုပ်ငန်းမှ ဦးမြတ်မိုးဝင်းနှင့် ဒေါ်သန်းသန်းအေးတို့က ချည်ငင် လုပ်ငန်းဆောင်ရွက်မှု၊ ရက်ကန်းခတ်လုပ်ငန်း ဆောင်ရွက်မှု၊ ဒေသတွင်း အလုပ်အကိုင်ဖော်ဆောင်ပေးနိုင်မှုနှင့် အရည်အသွေး ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး ထုတ်လုပ်ထားသည့် ပုဆိုးများကို ခင်းကျင်းပြသသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းအထည်အလိပ် ထုတ်လုပ်ရေး လုပ်ငန်းများ၌ အချို့သောချည်များကို ပြည်ပမှ တင်သွင်းနေရကြောင်း၊ ပြည်တွင်းထုတ် ချည်မျှင်များကို အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ပြီး အသုံးပြုနိုင်ပါက ပိုမိုအကျိုးရှိစေမည်ဖြစ်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များလည်း လျော့ကျလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းမှထွက်ရှိသည့်ချည်များဖြင့် အထည်များ ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန် လိုကြောင်း ဆွေးနွေးပြောကြားပြီး လုပ်ငန်းခွင်အခက်အခဲများအား မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် GARDEN FAMILY ဆိတ်မွေးမြူရေးလုပ်ငန်းတွင် နေဗီယာမြက်စိုက်ခင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်းထက်စံနို့စားနွားမွေးမြူရေးခြံတွင် လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Leader of Textile Public Co.,Ltd. တွင် လှည့်လည်ကြည့်ရှုစဉ်။

**လှည့်လည်ကြည့်ရှု**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေသဲတောကုမ္ပဏီ၊ ကိန္နရီချည်ချောလုံချည် ထုတ်လုပ်ရေးလုပ်ငန်းစုတွင် လှည့်လည်ကြည့်ရှုစဉ်။

»»» စာမျက်နှာ ၄ မှ

ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သကဲ့သို့ကြက်သွန်ကိုအခြေခံသည့် တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကြက်သွန်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ပြည်ပသို့ တင်ပို့ရောင်းချခြင်း ဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူများစွာ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်၍ ဒေသ၏ စားရေးလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတွင်း စားရေးအတွက်လိုအပ်ချက်များကိုပြင်ပမှ မှာယူစားသုံးရခြင်းဖြင့် ဒေသတွင်း လည်ပတ်သုံးစွဲငွေများသည် ပြင်ပသို့ရောက်ရှိသွားမည်ဖြစ်ပြီး ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာခရိုင်အတွင်း ဆန်ဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး တို့သည် နေ့စဉ် အဓိကစားသုံးနေကြသည့် အသားများပင် ဖြစ်ပြီး မိတ္ထီလာခရိုင်တွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားတို့ကို အောင်မြင်စွာ မွေးမြူလျက်ရှိသည်ကို တွေ့ရကြောင်း၊ မိတ္ထီလာသည် လမ်းဆုံလမ်းခွကျပြီး ခရီးသွားများစွာ နေ့စဉ်ဝင်ထွက်သွားလာမှုရှိသောကြောင့် ဈေးကွက်ရှိသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ဒေသတွင်း စားသုံးမှုကို ဖူလုံအောင်ဆောင်ရွက်ပြီး ပိုလျှံသည်များကို နိုင်ငံတွင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သည့် အခွင့်အလမ်းများလည်း ပိုင်ဆိုင်ထားရှိပြီး ဖြစ်ကြောင်း၊ အအေးခဲအသားငါးများအပြင် နို့စားနွားမွေးမြူရေးလုပ်ငန်းမှ နို့နှင့် နို့ထွက် ပစ္စည်းများကိုလည်း အောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်၍ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို နှစ်စဉ် ပြည်ပမှ တင်သွင်းနေရသဖြင့် မိတ္ထီလာခရိုင်အတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းကို အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မိတ္ထီလာခရိုင်အတွင်း ဥစားကြက်၊ အသားစားကြက်၊ ဒေသကြက်၊ နို့စားနွား၊ အသားစားနွား၊ ကျွဲနှင့် ဆိတ်များ မွေးမြူကြသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြု၍ စနစ်တကျ မွေးမြူဆောင်ရွက်မည် ဆိုပါက မွေးမြူရေး လုပ်ငန်းများသည်လည်း များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ မိတ္ထီလာခရိုင်အတွင်း တန်းစဉ် ကူးပြောင်းမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သူငယ်တန်း တက်ရောက်သူ ၁၉၀၄၅ ဦး တက်ရောက်ခဲ့ပြီး မူလတန်းတက်ရောက်ချိန်တွင် ၁၆၆၆၉ ဦး၊ လျော့နည်းရာခိုင်နှုန်း ၁၂ ဒသမ ၄၈ ရာခိုင်နှုန်း၊ အလယ်တန်းတက်ရောက်ချိန်တွင် ၁၄၉၈၁ ဦး၊ လျော့နည်းရာခိုင်နှုန်း ၂၁ ဒသမ ၃၄ ရာခိုင်နှုန်း၊ အထက်တန်း (Grade-10) တက်ရောက်ချိန်တွင် ၅၈၄၀၊ လျော့နည်းရာခိုင်နှုန်း ၆၉ ဒသမ ၃၄ ရာခိုင်နှုန်း၊ အထက်တန်း (Grade-12) တက်ရောက်ချိန်တွင် ၄၉၂၁ ဦး၊ လျော့နည်းရာခိုင်နှုန်း ၇၄ ဒသမ ၁၆ ရာခိုင်နှုန်း ရှိခဲ့သဖြင့် တန်းစဉ်ကူးပြောင်းမှု များ များစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့၏သားသမီးများ တန်းစဉ်ကူးပြောင်းမှုမြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း၊ မိတ္ထီလာခရိုင်အတွင်း တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများအားလုံး ပြည့်စုံစွာရှိပြီးဖြစ်သဖြင့် ပညာရေးနှင့် ပတ်သက်၍ အိုးမကွာ အိမ်မကွာဖြင့် ပညာသင်ယူနိုင်မည့် အခြေအနေကောင်းကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ပညာရေးကို အားပေးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးအတွက်လိုအပ်သည့် ပညာတတ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ဒေသ၏လူမှုစီးပွားဘဝများသည်လည်း များစွာဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

**ရေလုံလောက်စွာရရှိရေး**

စိုက်ပျိုးရေ လုံလောက်စွာရရှိရေးနှင့်ပတ်သက်၍ မိတ္ထီလာဒေသတွင် ဆည်များ၊ ချောင်းများရှိပြီးဖြစ်ပြီး "ဥတုရာသီ တောကိုမှီ" ဆိုသည့်အတိုင်း သစ်ပင်သစ်တောများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည်ဆိုပါက ဒေသတွင်း စိမ်းလန်းစိုပြည်မှုနှင့် စိုက်ပျိုးရေရရှိရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ မိတ္ထီလာဒေသရှိ ဆည်များတွင် ရေဝေရေလဲဧရိယာများ၌ သစ်တောများနည်းပါးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ရေဝေရေလဲ သစ်တောများ စိုက်ပျိုးသွားမည်ဆိုပါက ရေများမပြတ်ရရှိအောင် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေရရှိရေးတွင် သဘာဝရေရရှိရေး၊ မိုးရေ၊ မြေအောက်ရေ၊ ချောင်းရေများရှိပြီး မိတ္ထီလာဒေသနှင့် ကိုက်ညီသည့် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန် လိုကြောင်း၊ ရေလုံလောက်စွာ ရရှိအောင် ဆောင်ရွက်နိုင်မည် ဆိုပါက စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ တိုးတက်လာမည် ဖြစ်ကြောင်း။

မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အချက်အချာကျသည့် နေရာဒေသတစ်ခုဖြစ်ပြီး သွားလာမှုများ လွယ်ကူချောမွေ့သည့် အခြေခံကောင်းများ ရှိကြောင်း၊ အလားတူ ပညာရေးနှင့်ပတ်သက်၍လည်း စာသင်ကျောင်းများ များစွာရှိပြီးဖြစ်သဖြင့် ပညာရေး အခြေခံကောင်းများ ရှိကြောင်း၊ ထို့ကြောင့်မိတ္ထီလာဒေသတိုးတက်ရေးအတွက် ရှိပြီးသားအခြေခံကောင်းများကို အသုံးချ၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသအတွင်းရှိ ပြည်သူများအနေဖြင့် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မိတ္ထီလာဒေသသည် တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တတ်နိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သည့် ဒေသခံများ၏ ကြိုးပမ်း အားထုတ်မှုသည်သာလျှင် အဓိကကျကြောင်း၊ မိမိတို့အနေဖြင့် လာမည့်အောက်တိုဘာလအတွင်း လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ်အတွင်း လွတ်လပ်၍တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးကို အကြောင်းပြုပြီး မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိပါက မိမိတို့၏ တိုးတက်မှုများ နောက်ကျနေခဲ့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသရှိ ပြည်သူများအနေဖြင့် မိမိတို့တွင် ရှိပြီးသားဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာတက္ကသိုလ်နှင့် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်တို့ အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ စာမျက်နှာ ၂၄ မှ

တစ်ဖက်နှင့်တစ်ဖက်တိုက်စစ်ဆင်ကစားခဲ့ကြသည်။ အစပိုင်းတွင် ဟန်ဂေရီက ခြေသာသလိုရှိခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ဆွစ်ဇာလန်အသင်း၏ တိုက်စစ်ဆင်မှုက ပိုမိုအားကောင်းလာခဲ့ပြီး ပွဲချိန် ၁၂မိနစ်တွင် ဒူရက်စ်က ဆွစ်ဇာလန်အသင်းအတွက် ဦးဆောင်ဂိုးရယူပေးနိုင်ခဲ့သည်။ နောက်ပိုင်းတွင်လည်း ဆွစ်ဇာလန်အသင်းကသာ ပိုမိုကစားအားကောင်းခဲ့ပြီး ပထမပိုင်းပွဲစဉ်ပြီးဆုံးခါနီး ၄၅မိနစ်တွင် အေဘစ်ရှာက ဒုတိယမြောက်ဂိုး ရယူပေးနိုင်ခဲ့သည်။ ပထမပိုင်း ပွဲပြီးဆုံးချိန်တွင် ဆွစ်ဇာလန်အသင်းက ဟန်ဂေရီအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ဟန်ဂေရီတို့ ချေပဂိုး ပြန်လည်ရရှိရေးအတွက် ဆွစ်ဇာလန်အသင်းဘက်ကို တောက်လျှောက်တိုက်စစ်ဆင်ကာ အသည်းအသန်ကြိုးစားခဲ့ပြီး ပွဲချိန် ၆၆မိနစ်တွင် ဟန်ဂေရီအသင်းအတွက် ချေပဂိုးကို ဗာဂါက သွင်းယူပေးခဲ့သည်။ ဟန်ဂေရီအသင်း နောက်ထပ် သွင်းဂိုးထပ်မံရရှိရေးအတွက် ကြိုးစားခဲ့သော်လည်း ဆွစ်ဇာလန်အသင်း ခံစစ်ပိုင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ပေ။ လက်ကျန်မိနစ်များတွင် ဆွစ်ဇာလန်အသင်းက အချိတ်အဆက်ပြန်မိလာခဲ့ပြီး ပွဲချိန် ၉၃မိနစ်တွင် အနိုင်သေချာမည့် ဂိုးကို အမ်ဘိုလိုက သွင်းယူပေးခဲ့သည်။ ပွဲစဉ်ပြီးဆုံးချိန်တွင် ဆွစ်ဇာလန်အသင်းက ဟန်ဂေရီအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ၁၀နာရီ ၃၀မိနစ်အချိန်က ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၊ အိုလံပစ်ဘောလုံးကွင်းတွင် စပိန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ခရိုအေးရှားအသင်းအား သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် စပိန်အသင်းက ခရိုအေးရှားအသင်းဘက်ကို တောက်လျှောက်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၉မိနစ်တွင် မိုရာတာက အသင်းအတွက် ဦးဆောင်ဂိုးရယူပေးနိုင်ခဲ့သည်။ ဆက်တိုက်ဆိုသလို ပွဲချိန် ၃၂မိနစ်တွင် ဖာဘီယန်ရုဇ်၊ ပွဲချိန် (၄၅+၂)မိနစ်တွင် ကာဗာဟာယယ်လ်က သွင်းယူပေးခဲ့သည်။ ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် စပိန်အသင်းက ခရိုအေးရှားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ခရိုအေးရှားအသင်းက ချေပဂိုးပြန်လည်ရရှိရေးအတွက် စပိန်အသင်းဘက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး အခွင့်အရေးကောင်းတွေ ရရှိသော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ပွဲချိန် မိနစ် ၈၀တွင် ပတ်ကိုဗစ် ပင်နယ်တီ လွဲချော်ခဲ့မှုကြောင့် ခရိုအေးရှားတို့ ချေပဂိုးရရှိမည့် အခွင့်အရေးဆုံးရှုံးခဲ့ရပြန်သည်။ လက်ကျန်မိနစ်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် စပိန်အသင်းက ခရိုအေးရှားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**စစ်ကိုင်း ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ဇွန် ၁၃ ရက် နံနက် ၁၀ နာရီခန့်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင် ပြပွဲ အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်နှင့် မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဇင်ဇင်ထွန်းတို့က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ကလေးအလုပ်သမားဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများမှ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၀၅၇)



## ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၇၀၀၀၀ ကျော်တင်ပို့ခဲ့

**မန္တလေး ဇွန် ၁၅**

ပြည်ပသို့ ပြည်တွင်းမှ ဆန်နှင့် ဆန်ကွဲများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့လျက်ရှိရာ ပြီးခဲ့သည့် မေလအတွင်းက ဆန်နှင့် ဆန်ကွဲ တန်ချိန် ၇၀၀၀၀ ကျော်တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အချက်အလက်များအရ သိရသည်။

ထိုလအတွင်းက ပြည်ပသို့ ဆန်တန်ချိန် ၃၅၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၃၅၀၀၀ ကျော်၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲတန်ချိန် စုစုပေါင်း ၇၀၀၀၀ ကျော်ကို ပြည်ပသို့ တင်ပို့ခဲ့သည်ဟု ဆိုသည်။

"ပြည်တွင်းက ဆန်ကို အင်ဒိုနီးရှားနိုင်ငံနဲ့ ဆန်ကွဲကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူခဲ့ကြတယ်။ ပြီးခဲ့တဲ့မေလအတွင်းက ပြည်ပကို ဆန်နဲ့ ဆန်ကွဲ တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၃၆ သန်းကျော် ပို့ကုန်ဝင်ငွေရရှိခဲ့ပါတယ်" ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်အစ၊ ဧပြီလက ဆန်နှင့် ဆန်ကွဲတန်ချိန်ပေါင်း ၁၀၀၀၀၀ ကျော်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၅၅ သန်းကျော်ရရှိခဲ့ပြီး မေလတင်ပို့နိုင်မှုမှာ ဧပြီလထက် လျော့နည်းခဲ့သည်။

ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ၁ ဒသမ ၆၈ သန်းကျော်တင်ပို့ခဲ့ရာမှ ပို့ကုန်ဝင်ငွေ သန်း ၈၀၀ ကျော် ရရှိခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ရန် မျှော်မှန်းထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## RM,J Hope နှင့် Suga Rapline သုံးယောက်ကို NME ဂီတမဂ္ဂဇင်းတွင် ဖော်ပြထား

ဘီတီအက်စ်အဖွဲ့ဝင် သုံးဦးဖြစ်သည့် အာရ်အမ်၊ ဂျေဟုတ်နှင့် ဆူဂါ တို့၏ ရက်ပ်အဆိုနှင့် တစ်ကိုယ်တော် အယ်လ်ဘမ်မှာ ထွက်ရှိထားကြရာ အင်္ဂလန်နိုင်ငံ၏ နာမည်ကြီး ဂီတမဂ္ဂဇင်း NME(New Music Express) မှ အမှတ်ပြည့်ပေးဖော်ပြထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ တစ်ကိုယ်တော်ရက်ပ် သီချင်းများကို သုံးဦးစလုံးက ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ထုတ်လုပ်ထားကြသည့် အယ်လ်ဘမ်များဖြစ်ကြပြီး ကိုယ်တိုင် သီဆို၍ တင်ဆက်ထားကြသည်။

ဘီတီအက်စ်အဖွဲ့ခေါင်းဆောင် အာရ်အမ်၏ Right Place, Woong Person စိတ်လှုပ်ရှားဖွယ်ဂီတကို ဖန်တီးထားသူဟု တစ်မျိုး၊ ဂျေဟုတ်၏ Jack in The Box ကို တစ်ကိုယ်တော် စွမ်းရည်နှင့် ဂီတပေါင်းစပ်မှုစွမ်းရည်ရှိသူဟု တစ်ဖုံ၊ ဆူဂါ၏ Agust D ၏ D-DAY ရက်ပ်စကေး မြင့်မားလွန်းသူဟု တစ်မျိုး ရေးသားတင်ပြထားပြီး အမှတ်ပြည့်ပေးထားကြသည်။(SKY)



## အက်စ်ပရက်ဆို ကော်ဖီအရသာထူးခြားသည်မှာ နွားနို့ပရိုတိန်းများ အပြောင်းအလဲမရှိသောကြောင့် ဖြစ်

ကော်ဖီသောက်သုံးသူများသည် ၎င်းတို့၏ အချိုအခါးပမာဏ နှစ်သက်ပုံကွဲပြားခြင်းအပေါ်မူတည်ကာ သောက်သုံးပုံလည်း ခြားနားကြသည်။

ကော်ဖီ၏ ပင်ကိုယ်ခါးသက်သက်အရသာကို စွဲလမ်းနှစ်သက်သူများအနေဖြင့် အက်စ်ပရက်ဆိုကော်ဖီကို ရွေးချယ်သောက်သုံးကြသည်။

ယင်းကော်ဖီအမျိုးအစားအကြောင်း အမေရိကန်ပြည်ထောင်စုမှ တိုဘီယတ်စ်ဝိုင်ဒနာနှင့် ဖာနီမတ်ဒ်ဇာရိုဇာတို့ ဦးဆောင်သော သုတေသီများ မကြာသေးမီက သုတေသနပြုခဲ့သည်။

ထိုသို့သုတေသနပြုရာမှ အက်စ်ပရက်ဆို ကော်ဖီအရသာထူးခြားသည်မှာ နွားနို့ပရိုတိန်းများ အပြောင်းအလဲမရှိသောကြောင့်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ (SCI)



## Newjeans အဖွဲ့ ဖျော်ဖြေပွဲမှရသောငွေများ လှူဒါန်းမည်

ကေပေါ့ပ်မျိုးဆက်သစ်မိန်းကလေးအဖွဲ့ နယူးဂျင်းစ်သည် ဂီတအယ်လ်ဘမ်သစ် How Sweet ထွက်ရှိခဲ့ပြီး တက္ကသိုလ်ပွဲတော် ခုနစ်ခု ဖျော်ဖြေပွဲကျင်းပကာ ရရှိသောငွေများအား လှူဒါန်းသွားမည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နယူးဂျင်းစ်အဖွဲ့၏ ဂီတအယ်လ်ဘမ် How Sweet မှာ ထွက်ရှိပြီး ငါးမိနစ်အတွင်း ဂီတချပ်တွင် ထိပ်ဆုံးနေရာ ရရှိသွားသည်။

အဖွဲ့ဝင်များက တက္ကသိုလ်ပွဲတော် ခုနစ်ခုကို တက်ရောက်ဖျော်ဖြေကြမည်ဖြစ်ပြီး ရရှိသော အကျိုးအမြတ်များကိုလည်း ပြန်လည်လှူဒါန်းသွားမည်ဆို၍ ပရိသတ်ချီးကျူးမဆုံး ဖြစ်နေကြသည်။

နယူးဂျင်းစ်၏ ဂီတအယ်လ်ဘမ်သစ် How Sweet & Bubble Gum အောင်မြင်မှုအတွက် ပရိသတ်များက မှတ်ချက်ကောင်းများ ပေးထားကြကာ ယင်းဂီတအယ်လ်ဘမ်ကို HYBE မှ တာဝန်ယူထားသည်။ (SKY)

## မင်းသားကြီး Naseeruddin Shah က တောင်ကိုရီးယားရုပ်ရှင်အရည်အသွေးမြင့်မားဟု ပြောကြား

မွမ်ဘိုင်းမြို့တွင် ပြုလုပ်ခဲ့သည့် ပွဲတစ်ခု၌ ဝါရင့်မင်းသားကြီး နာဆင်းရူဒင်ရှာက တောင်ကိုရီးယားရုပ်ရှင်များ အရည်အသွေးမြင့်မားမှုကို အင်တာဗျူးတွင် ပြောကြားခဲ့သည်ဟု ဘောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဘောလီဝုဒ်ရုပ်ရှင်လောကတွင် သရုပ်ဆောင်၊ ဒါရိုက်တာတစ်ဦးအဖြစ် နှစ်ပေါင်း ငါးဆယ်ကျင်လည်ခဲ့ကာ နိုင်ငံတကာရုပ်ရှင်များတွင် တောင်ကိုရီးယားရုပ်ရှင်က အဆတစ်ရာပိုနေသည်ဟု ပြောကြားသွားသည်။

၂၀၁၇ ခုနှစ်ထွက် တောင်ကိုရီးယားအက်ရှင်ကား Outlawsကို ၂၀၂၂ ခုနှစ်တွင် စလမန်ခန်က ပြန်ရိုက်ထားပြီး အချို့ရုပ်ရှင်ကားများလည်း ပြန်လည်ရိုက်ကူးထားရာ တောင်ကိုရီးယားရုပ်ရှင်အရည်အသွေးမှာ မြင့်မားခဲ့သည်ကို တွေ့ရကြောင်း နာဆင်းရူဒင်ရှာက ထပ်မံပြောကြားသွားခဲ့သည်။

(SKY)



## V @ Kim Taehyung နှင့်တူနေသော Baby Suho ကြောင့် ဖြေရှင်းချက်ထုတ်ခဲ့ရ

ကမ္ဘာကျော်အနုပညာရှင် ဘီတီအက်စ်မှ ဗွီ(ခေါ်)ကင်ထယ်ယောင်း၏ ငယ်ရုပ်နှင့် တစ်ပုံစံတည်းတူနေသော ကလေးငယ် ဆူဟိုကို ပရိသတ်ချစ်မဝဖြစ်ခဲ့ကြရာမှ မိခင်ကိုယ်တိုင်က ဖြေရှင်းချက်ထုတ်ပေးခဲ့ရသည်ထိ ဖြစ်ခဲ့ကြောင်း အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ အဆိုပါ ကလေးငယ် ဆူဟိုမှာ ကိုရီးယား ဖိလစ်ပိုင်သွေးနှောသူဖြစ်ပြီး ဗွီ(ခေါ်)ကင်ထယ်ယောင်းငယ်ရုပ်နှင့် ခွဲမရအောင်တူနေ၍ လူမှုကွန်ရက်ပေါ်တွင် ပရိသတ်ကြား ရေပန်းစားနေသည်။

ဆူဟို၏မိခင်က သူ့ကလေးနှင့် ပတ်သက်၍ စိတ်ဝင်တစားရှိမှုကို ကျေးဇူးတင်ကြောင်း၊ ကလေးငယ်မှာ ကင်ထယ်ယောင်းနှင့်ပတ်သက်မှုမရှိကြောင်းကိုပါ ဖြေရှင်းချက်ထုတ်ပေးခဲ့ရသည်အထိ ဖြစ်ခဲ့ကြသည်။ အချို့ကလည်း တူသည်ဆိုရုံလောက်သာဟု မှတ်ချက်ပေးထားသည်။

လက်ရှိ သင်တန်းကာလကို ဖြတ်ကျော်နေသော ဗွီ(ခေါ်)ကင်ထယ်ယောင်းမှာလည်း တာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ နာမည်ကောင်းလက်မှတ်များ ရရှိထားကာ သူဖန်တီးထားသည့် အနုပညာလက်ရာများမှာ အောင်မြင်မှုများ သိမ်းပိုက်မှုနှင့် အရှိန်ရနေသည်ဖြစ်၍ အားလပ်ချိန်မရဖြစ်နေသည်။ (SKY)

## ILLIT မှ WonHee အရေးပေါ်ဆေးရုံတက်ကုသရ

ကေပေါ့ပ်မျိုးဆက်သစ်အမျိုးသမီးအဖွဲ့ အီလီတီအဖွဲ့ဝင် ဝမ်ဟီသည် ကျန်းမာရေးအခြေအနေ ရုတ်တရက်ဆိုးရွားစွာ ဖောက်ပြန်ခဲ့၍ အရေးပေါ်ဆေးရုံတက်ကုသနေရသည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



လက်ရှိရာသီမှာ တက္ကသိုလ်ကျောင်းများ၏ ကျောင်းပွဲတော်ရာသီဖြစ်ပြီး ဝမ်ဟီမှာ ဖျော်ဖြေပွဲတွင် ပါဝင်နိုင်ခွင့်မရှိဟု တရားဝင်ထုတ်ပြန်ထားသည်။

အသက် ၁၆ နှစ်နှင့် ပရိသတ်အချို့၏ ပြင်းထန်ရိုင်းပျ ယုတ်မာ၊ ပက်စက်သည့် ဝေဖန်မှုများနှင့် တိုက်ခိုက်ခံရသောကြောင့် ကျန်းမာရေးအခြေအနေ ရုတ်တရက်ဆိုးရွားစွာ ဖောက်ပြန်ခဲ့သဖြင့် အရေးပေါ်ဆေးရုံတက်ကုသခဲ့ရသည်ဟု အဖွဲ့ဝင်တစ်ဦးက ပြောကြားထားသည်။

ကေပေါ့ပ်လောကတွင် ခက်ခဲပင်ပန်းမှုများနှင့် ရင်ဆိုင်ကျော်ဖြတ်၍ ပွဲဦးထွက်ခဲ့ရာတွင်လည်း ဝေဖန်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် ကြိုးစားကြရသည်။ (SKY)

## Black Dog က (၇၇)ကြိမ်မြောက် Cannes Film Festival တွင် အကောင်းဆုံးရုပ်ရှင်ဆုရ




(၇၇)ကြိမ်မြောက် Cannes Film Festival တွင် တရုတ်ရုပ်ရှင် Black Dog က အကောင်းဆုံးရုပ်ရှင်ဆုကို ဆွတ်ခူးရရှိခဲ့သည်ဟု ဝိုက်ဘ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆုပေးပွဲတွင် ဒါရိုက်တာ ဂူအန်ဟူ ရိုက်ကူးထားသည့် Black Dog က အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု ရရှိသွား၍ တရုတ်ပရိသတ်ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။ ယင်းပွဲတော်တွင် အိန္ဒိယမှ မင်းသမီး အနာဆူရာဆင်းကူပတာကလည်း ပထမဆုံး ကိန်းရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးမင်းသမီးဆုကို ရရှိခဲ့သည်။

နိုင်ငံအနှံ့အပြားမှ အနုပညာရှင်များ၏ ထူးချွန်ပြောင်မြောက်သည့် အနုပညာကို ချီးမြှင့်ခဲ့သည့် ကိန်းရုပ်ရှင်ပွဲတော်မှာ (၇၇)ကြိမ်မြောက်ရှိခဲ့ပြီးဖြစ်ပြီး တရုတ်အနုပညာရှင်၊ အိန္ဒိယအနုပညာရှင်တို့အပြင် နိုင်ငံအသီးသီးမှ အနုပညာရှင်များ ဆုဆွတ်ခူးရရှိခဲ့ကြသည်။ (SKY)

# နယူးဇီလန်ရောက် တရုတ်ဝန်ကြီးချုပ် လီချျင်း နှစ်နိုင်ငံ ကုန်သွယ်ရေးမြှင့်တင်ရန် သဘောတူညီ

**အော့ကလန်း ဇွန် ၁၅**

နယူးဇီလန်နိုင်ငံသို့ ဇွန် ၁၄ ရက်က အလည်အပတ်ရောက်ရှိခဲ့သော တရုတ်ဝန်ကြီးချုပ် လီချျင်းက နှစ်နိုင်ငံ ကုန်သွယ်ရေး မြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။




ဝန်ကြီးချုပ် လီချျင်းသည် နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဆွန်နှင့် နှစ်နိုင်ငံချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြီးနောက် အော့ကလန်းမြို့သို့ ရောက်ရှိစဉ် အပင်နှင့် အစားအစာ သုတေသနဌာနသို့ ဝင်ရောက်ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ညပိုင်းတွင် တရုတ်ဝန်ကြီးချုပ် လီချျင်းသည် နယူးဇီလန်ဒေသခံ တတ်သိပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သံတမန်များနှင့်အတူ ညစာစားခဲ့သည်။

၎င်းသည် ဩစတြေးလျနိုင်ငံသို့ သွားရောက်လည်ပတ်သည့် ခရီးစဉ်တွင် အိမ်နီးချင်းကျွန်းနိုင်ငံဖြစ်သော နယူးဇီလန်နိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ဝင်ရောက်စဉ် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များ ချုပ်ဆိုခဲ့ကြောင်း သိရသည်။

Mon



# မှတ်ဉာဏ်တုကို လူသားများ ထိန်းနိုင်မှုဖြစ်မည်ဟု ပုပ်ရဟန်းမင်းကြီး ဖရန်စစ် သတိပေးပြောကြား

**ရောမ ဇွန် ၁၅**

မှတ်ဉာဏ်တုကို လူသားများ ထိန်းနိုင်မှုဖြစ်မည်ဟု အသက် ၈၇ နှစ်အရွယ် ဗာတီကန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ဇွန် ၁၄ ရက်က သတိပေးပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လူသားထုအပေါ် မှတ်ဉာဏ်တုနည်းပညာက လွှမ်းမိုးချုပ်ကိုင်စေရန် လုံးဝလိုက်လျောခွင့်မပြုသင့်ကြောင်း ပုပ်ရဟန်းမင်းကြီးက ဆက်လက်ပြောကြားသည်။

အီတလီနိုင်ငံက လက်ခံကျင်းပသော ကမ္ဘာ့ခုနစ်နိုင်ငံအုပ်စု ထိပ်သီးညီလာခံ၌ ပြောကြားသောမိန့်ခွန်းတွင် ၎င်းက ထိုသို့ သတိပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon




ကုလသမဂ္ဂက ပါလက်စတိုင်းအရပ်သားများအတွက် ထောက်ပံ့သည့် စားနပ်ရိက္ခာအိတ်များကို ဂါဇာကမ်းမြောင်ဒေသသို့ပို့ရန် ပြင်ဆင်နေစဉ်။

Mon




# မိုနေးနှင့် ဗန်ဂိုးတို့နှစ်ဦး၏ ပန်းချီလက်ရာအချို့ကို ဆွစ်ဇာလန်ရှိ ကွန်းသော့ဇူးရစ်ပြခန်းမှ ဖယ်ရှားမည်

**ဂျီနီဗာ ဇွန် ၁၅**

ကမ္ဘာကျော်ပန်းချီဆရာများဖြစ်သည့် မိုနေးနှင့် ဗန်ဂိုးတို့နှစ်ဦး၏ ပန်းချီလက်ရာအချို့ကို ဆွစ်ဇာလန်နိုင်ငံရှိ ကွန်းသော့ဇူးရစ်ပြခန်းမှ ဖယ်ရှားတော့မည်ဖြစ်သည်ဟု ပြတိုက်တာဝန်ခံက ဇွန် ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ပန်းချီဆရာနှစ်ဦး၏ လက်ရာ ၅ ခုကို မိမိတို့ ပန်းချီပြခန်းမှ ဖယ်ရှားရန် ဆုံးဖြတ်ခဲ့ရခြင်းအကြောင်းအရင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းက နာဇီဂျာမနီစစ်အရာရှိအချို့ ကျူးလွန်ခဲ့သော ပန်းချီကားလုယက်ယူငင်မှုများကြောင့်ပင်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောပြသည်။

နာဇီတို့ အတင်းအကျပ်ခြိမ်းခြောက်ယူငင်သွားသော အဖိုးတန် ပန်းချီလက်ရာများအနက်မှ အချို့ကိုသာ မူလပိုင်ရှင်နှင့် ဆက်နွှယ်သူများထံသို့ အပ်နှံနိုင်ခဲ့သည်။

ယခု ဖယ်ရှားရန် ဆုံးဖြတ်ခဲ့ရသော ပန်းချီကား ငါးကားကို ပိုင်ရှင်နှင့် အကျိုးသက်ဆိုင်သူများထံသို့ အပ်နှံပြီးမှသာ ပြခန်း၌ ပြသခွင့်ရမည်၊ မရမည် သိရပါလိမ့်မည်။

Mon





# စင်ကာပူဘောလုံးအသင်းမှ ဂိုးသမား ဟတ်ဆန် တရုတ်ပရိသတ်များထံမှ ငွေလွှဲများ လက်ခံရရှိ

**စင်ကာပူ ဇွန် ၁၅**

စင်ကာပူဘောလုံးအသင်းမှ အသက် ၄၀ အရွယ် ဂိုးသမား ဟတ်ဆန်ဆန်နီသည် တရုတ်ဘောလုံးပရိသတ်များထံမှ ငွေလွှဲများ လက်ခံရရှိခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု (ဂ)မှ တရုတ်ဘောလုံးအသင်း တစ်ဆင့်တက်နိုင်အောင် ဟတ်ဆန် စွမ်းဆောင်ပေးရာရောက်ခဲ့သဖြင့် ၎င်းမိသားစု ဖွင့်ထားသော စားသောက်ဆိုင်ကို တရုတ်ပရိသတ်က အားပေးခဲ့သည့်အပြင် မုန့်ဖိုးငွေများလည်း လွှဲပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ထိုငွေလွှဲများသည် တရားဥပဒေနှင့် ညီညွတ်မည်မဟုတ်သဖြင့် လက်ခံတော့မည်မဟုတ်ဟု ဟတ်ဆန်က ပြောကြားခဲ့ကြောင်း သိရသည်။

Mon

# ရာမာဖိုဆာ သမ္မတတာဝန် ဆက်လက်ထမ်းဆောင်ရန် တောင်အာဖရိကပါလီမန်က မဲခွဲဆုံးဖြတ်အတည်ပြု

**ကိပ်တောင်း ဇွန် ၁၅**

ဆိုင်ရီးလ်ရာမာဖိုဆာ သမ္မတတာဝန်ဆက်လက်ထမ်းဆောင်ရန် တောင်အာဖရိကပါလီမန်က ဇွန် ၁၄ ရက်တွင် မဲခွဲဆုံးဖြတ်အတည်ပြုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အေအင်န်စီဟု အတိုကောက်ခေါ်ဝေါ်သော အာဖရိကန်အမျိုးသားကွန်ဂရက်ပါတီမဲအများဆုံးရရှိခဲ့သော်လည်း တစ်ပါတီတည်းက ဦးဆောင်ပြီး အစိုးရမဖွဲ့နိုင်သဖြင့် အခက်ကြုံခဲ့ရသည်။

နောက်ဆုံးတွင် အေအင်န်စီပါတီကို ဒီမိုကရက်တစ် မဟာမိတ်အုပ်စုဝင်ပါတီငယ်များက ဝန်းရံပေးခဲ့ရာမှ ရာမာဖိုဆာကို နိုင်ငံတော်သမ္မတအဖြစ် ဆက်လက်တင်မြှောက်ခဲ့ကြခြင်း ဖြစ်သည်။

အစိုးရအဖွဲ့သစ်တွင် သမ္မတဆိုင်ရီးလ်ရာမာဖိုဆာအနေဖြင့် ဒီမိုကရက်တစ် မဟာမိတ်အုပ်စုဝင်ပါတီများအား ကိုယ်စားပြုသော ဝန်ကြီးအချို့ ထည့်သွင်းဖွဲ့စည်းပေးရမည် ဖြစ်သည်။

Mon

0-0-0-0-0



STOP AIDS

# မပြီးဆုံးနိုင်သေးသော ပြည်တွင်းစစ်ကြောင့် ဆူဒန်၌ လူပေါင်းသန်းနှင့်ချီ ငတ်မွတ်ခေါင်းပါးနေ

**ခါတူးမ် ဇွန် ၁၅**

ဆူဒန်အစိုးရစစ်တပ်နှင့် အာအက်စ်အက်ဖ် လက်နက်ကိုင်စစ်သွေးကြွများအကြား ယမန်နှစ်ဧပြီလက စတင်ဖြစ်ပွားသော ပြည်တွင်းစစ်ကြောင့် ယခုအခါ လူပေါင်းသန်းနှင့်ချီ၍ ငတ်မွတ်ခေါင်းပါးနေပြီဟု ဆူဒန်အခြေစိုက် စားနပ်ရိက္ခာထောက်ပံ့ရေးကျွမ်းကျင်သူ တင်မိုဂတ်စ်ဘိခ်က အတည်ပြုပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုပြည်တွင်းစစ်က နိုင်ငံစီးပွားရေးကို ရပ်တန့်သွားစေရာမှ ငွေကြေးဖောင်းပွမှု အထွတ်အထိပ်သို့ရောက်လာပြီး နိုင်ငံသားအများစု စားရမဲ့သောက်ရမဲ့ဘဝသို့ ရောက်ခဲ့ရခြင်းဖြစ်သည်။

နိုင်ငံနေရာအနှံ့အပြားတွင် တိုက်ပွဲများဖြစ်နေသဖြင့် စိုက်ပျိုးထုတ်လုပ်မှု၊ ကူးသန်းရောင်းဝယ်ဖောက်ကားမှု ရပ်တန့်ကာ စားနပ်ရိက္ခာကို ပြည်ပမှ မှာယူတင်သွင်းကြရပြီး ဈေးကြီးလွန်းသဖြင့် နိုင်ငံသားများ ဝယ်ယူစားသောက်နိုင်ခြင်းမရှိရာမှ လူအများစု ငတ်မွတ်ခေါင်းပါးကာ အာဟာရပြတ်လပ်နေရခြင်းဖြစ်ကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာဖာရစ်က ရှင်းပြသည်။

လာမည့်စက်တင်ဘာလတွင် လက်ရှိဆူဒန်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် ယခုထက်ပို၍ ငတ်မွတ်လာမည်ဟု ၎င်းက သုံးသပ်ခန့်မှန်းသည်။

Mon



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းဆင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**သရက် ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းဆင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ပြောကြားရာမှာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး ဖြစ်ပေါ်လာပုံကို သိရှိစေရန်အတွက် ကျောင်းသား၊ကျောင်းသူများကို ဟောပြောပွဲများ ယခုလို ပန်းချီပြိုင်ပွဲများ၊နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်ပေးတာဖြစ်ကြောင်း ပြောကြားပြီး ပန်းချီဆရာ ဦးညွန့်လှိုင်က ဆုရွေးချယ်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။



ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ကျောင်းသူများအား ဆုများချီးမြှင့်ရာ ပထမ၊ ဒုတိယ၊တတိယနှင့် နှစ်သိမ့်ဆုနစ်ဆုကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူအသီးသီးက ဆုများ ပေးအပ်ခဲ့ပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၂၀ဦးအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ဆုပေးပွဲအပြီးတွင် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးနှင့် ဆရာ၊ ဆရာမများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူယစ်ဆေးဝါး အန္တရာယ် အသိပညာပေးနံရံကပ်စာစောင်အား ကြည့်ရှုခဲ့ကြကြောင်းသိရသည်။

(ဝဲပုံ)

**စော်ထက်(သရက်)**



# လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုနည်းပါးရေး ကွင်းဆင်း စစ်ဆေး

**ပြင်ဦးလွင် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ပြင်ဦးလွင်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားဗို့အားပြည့်ဝစွာရရှိရေးအတွက် လျှပ်ကာပါကြေးကြိုးများ တပ်ဆင်ခြင်း ဓာတ်အားလိုင်းနှင့် မလွတ်သည့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုမရှိစေရေးအတွက် ပြင်ဦးလွင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးဆောင်၍ လိုင်းတာဝန်ခံများ၊ လျှပ်စစ်ဝန်ထမ်းများသည် ဇွန် ၁၄ ရက် နံနက်ပိုင်းက မိန်းမီတာနှင့် အိမ်သုံးမီတာ ကွာခြားယူနစ်များနေသော ကျေးရွာများသို့ မြေပြင် ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာမီးလင်းရေးကော်မတီဝင်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် ပုစွန်နှစ်ကောင် စားအုန်းဆီ နှစ်လီတာပါ ဘူး ၆၀၀ နှင့် ဆပ်ပြာမှုန့် ၂၅ ကီလိုဂရမ်ပါ ၁၈ အိတ်၊ Honda Motorcycle(Used) သုံးစီး အပါအဝင်ကုန်ပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် All in One PC Monitor ၁၅ လုံးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊၁၃၃လမ်းနှင့် ၁၃၄ လမ်းကြား၊ ၆၃(အေ)လမ်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Mirror with Frame ၅၁၇ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၁၀မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၃၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



ဥပဒေဘောင်တွင်း

နေထိုင်ခြင်း၊

ဘေးကင်း

ရန်ကွာ

လွှန်ချမ်းသာ။



# ရန်-မန်းကားလမ်းတွင် ၁၂ဘီးယာဉ်နှင့် တွဲယာဉ်တိုက်မိပြီး ယာဉ်ရှေ့ခြမ်းကြေမွပျက်စီးကာ ယာဉ်မောင်းသေဆုံးမှုဖြစ်ပွား

**ကျောက်ဆည် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဟံမြင့်မိုရ်ကျေးရွာအုပ်စု၊ မြို့သာကျေးရွာအနီး၊ ရန်ကုန်-မန္တလေးသွားကားလမ်း၊မိုင်တိုင်အမှတ်(၃၆၃/၂)နှင့် (၃၆၃/၃)ကြားတွင် ၁၂ဘီးယာဉ်နှင့် တွဲယာဉ်တိုက်မိပြီး ယာဉ်မောင်း အမျိုးသား တစ်ဦး သေဆုံးမှု ဇွန် ၁၄ ရက် ည ၁၀ နာရီ ဝန်းကျင်ခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နွားထိုးကြီးမြို့နယ်၊ တက်စည်ကျေးရွာနေ ယာဉ်မောင်း ဦးငြိမ်းချမ်းအောင်ဆိုသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦးအောင်ခန့်ကျော်ဆိုသူ လိုက်ပါလာသော (၁၂)ဘီး NISSAN DIESEN ယာဉ်သည် ကုန်မျိုးစုံတင်ဆောင်ပြီး ရန်-မန်း ကားလမ်းအတိုင်းမောင်းနှင်လာစဉ် ရှေ့မှလားရာတူရာအတိုင်း မောင်းနှင်နေသောတွဲ ယာဉ်အား နောက်မှဝင်တိုက်မိပြီး ယာဉ်ရှေ့ခြမ်းကြေမွပျက်စီး ကာ ယာဉ်မောင်း ဦးငြိမ်းချမ်းအောင်ဆိုသူမှာ အခင်းဖြစ်နေရာ၌ပင်သေဆုံးခဲ့ပြီး တွဲယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာသို့ ကျောက်ဆည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် လူမှုကူညီရေးအသင်းများ၊ ဒေသခံပြည်သူများနှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး သေဆုံးသူယာဉ်မောင်း ဦးငြိမ်းချမ်းအောင်ဆိုသူအား မုဒိတာလူမှုကူညီရေးအသင်းယာဉ်ဖြင့် သံရွာကျေးရွာ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြပြီး သံရွာနယ်မြေရဲစခန်းမှ ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၇)



# နိုင်ငံတကာ အားကစား သတင်းများ

## ဆာဟင်အား နည်းပြသစ်အဖြစ် ဒေါ့မွန်အသင်း ခန့်အပ်

**မြူးနစ် ဇွန် ၁၅**

ဒေါ့မွန်အသင်းသည် နည်းပြ တာဇစ်နှင့် လမ်းခွဲပြီးနောက် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဆာဟင်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ နည်းပြသည် ဒေါ့မွန်အသင်းနှင့်အတူ ၃နှစ် သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။




နည်းပြ ဆာဟင်သည် နည်းပြဘဝတွင် အန်တေယာစပေါ် အသင်းအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဒေါ့မွန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ နည်းပြ ဆာဟင်က "ကျွန်တော် ဒေါ့မွန်အသင်းလို ဘွန်ဒက်လီဂါ ထိပ်တန်းအသင်းတစ်သင်းကို ကိုင်တွယ်ခွင့်ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံး ကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(NGB)**

## ချာဒီရေ့ဒ်အား ခရစ္စတယ်ပဲလေ့စ်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၅**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ရီးရဲလ်ဘက်တစ်အသင်း နောက်ခံကစားသမား ချာဒီရေ့ဒ်အား ပြောင်းရွှေ့ကြေးယူရို ၁၅ သန်းဖြင့် ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်ဘက်တစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ပွဲ ၃၀ ကစားကာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၂၀)နှစ်အရွယ်ရှိ ချာဒီရေ့ဒ်က "ကျွန်တော် ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။ **(NGB)**






## ဂျာမနီအသင်းက စကော့တလန်အသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မြူးနစ် ဇွန် ၁၅**

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အိမ်ရှင် ဂျာမနီအသင်းက စကော့တလန် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက စကော့တလန် အသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ပုံ)**

ဂျာမနီအသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၁၀မိနစ်တွင် ဖလော်ရီယန်ဗက်ဇ်၊ ပွဲချိန် ၁၉ မိနစ်တွင် မူဆီယာလာ၊ ပွဲချိန် ၄၆ မိနစ်တွင် ဟာဗက်ဇ်၊ ပွဲချိန် ၆၈ မိနစ်တွင် ဖယ်ခု၊ ပွဲချိန် ၉၃ မိနစ်တွင် အမ်မရီချန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဂျာမနီအသင်းသည် ယူရို ၂၀၂၄ ဥရောပဖလားဘောလုံး ပြိုင်ပွဲ အုပ်စု ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၉ ရက်တွင် ဟန်ဂေရီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## အဒမ်လယ်လာနာအား တစ်နှစ်စာချုပ်ဖြင့် ဆောက်သမ်တန်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၅**

ဆောက်သမ်တန်အသင်းသည် အသင်းကစားသမားဟောင်းဖြစ်သူ ကွင်းလယ်ကစားသမား အဒမ်လယ်လာနာအား ဘရိုက်တန်အသင်းထံမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် တစ်နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အသက်(၃၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၀- ၂၀၂၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆောက်သမ်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ဆောက်သမ်တန်အသင်း ထုတ်ပြန်ချက်တွင် "အဒမ်လယ်လာနာအား ပြန်လည်ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**

## 2024 Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Lorenzo Musetti တက်ရောက်

**စတုဂတ် ဇွန် ၁၅**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် ၂၀၂၄ Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အီတလီ တင်းနစ်ကစားသမား Lorenzo Musetti တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ် ကစားသမား Lorenzo Musetti သည် 2024 Boss Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ကာဇက်စတန် တင်းနစ်ကစားသမား Alexander Bublik အား ၄-၆၊ ၆-၁၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်တွင် အီတလီတင်းနစ် ကစားသမား Lorenzo Musetti နှင့် တစ်နိုင်ငံတည်းသားဖြစ်သူ တင်းနစ်ကစားသမား Matteo Berrettini တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)** **(NGB)**



## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စုအဆင့်ပွဲစဉ်များ နိုင်ကမ္ဘာ

### အုပ်စု(ဃ)

**ပိုလန် - နယ်သာလန်**

**ဇွန် ၁၆ ရက်(တနင်္ဂနွေနေ့)ည ၇း၃၀နာရီ**
**(ဗောက်ပတ်စ်ဘောလုံးကွင်း၊ ဟမ်းဘတ်မြို့)**

**နှစ်သင်းထိပ်တိုက် တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၁၉၆၉ | ပိုလန် | ၂-၁ | နယ်သာလန် | ၁-၀ | ပိုလန် (ကမ္ဘာ့ဖလား ၁၉၇၀ ခြေစစ်ပွဲ) |
| ၁၉၇၅ | ။ | ၄-၁ | ။ | ၃-၁ | ။ (ယူရို၇၆ခြေစစ်ပွဲ) |
| ၁၉၇၉ | ။ | ၂-၀ | ။ | ၁-၁ | ။ (ယူရို၈၀ခြေစစ်ပွဲ) |
| ၁၉၈၆-၈၇ | ။ | ၀-၂ | ။ | ၀-၀ | ။ (ယူရို၈၈ခြေစစ်ပွဲ) |
| ၁၉၉၂-၉၃ | ။ | ၁-၃ | ။ | ၂-၂ | ။ (ကမ္ဘာ့ဖလား ၁၉၉၄ ခြေစစ်ပွဲ) |
| ၂၀၂၀-၂၁ | ။ | ၁-၂ | ။ | ၁-၀ | ။ (UEFAနေရှင်းလိဂ်အုပ်စု) |
| ၂၀၂၂-၂၃ | ။ | ၀-၂ | ။ | ၂-၂ | ။ (UEFAနေရှင်းလိဂ်အုပ်စု) |

ကမ္ဘာ့အဆင့်(၂၇)ရှိသည့် ပိုလန်အသင်းနှင့် ကမ္ဘာ့အဆင့်(၇)ရှိသည့် နယ်သာလန်အသင်းတို့သည် ခြေစမ်းပွဲများအပါအဝင်ပြိုင်ပွဲစုံ၌ ၁၉ ကြိမ် ဆုံတွေ့ခဲ့ရာ ပိုလန်က ၃ ကြိမ်သာအနိုင်ရပြီး ၇ ကြိမ်သရေကျကာ ၉ ကြိမ် ရှုံးနိမ့်ခဲ့သည့်အတွက် အစဉ်အလာအရ နယ်သာလန်က အသာရနေ၍ နယ်သာလန်တို့ အနိုင်သေချာနေပြီး ပိုလန်တို့အတွက် အမြင့်ဆုံး ရလဒ်မှာ သရေရလဒ်ပင်ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ပိုလန်-နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင် | နယ်သာလန်-နိုင်၊နိုင်၊ရှုံး၊နိုင်၊နိုင်

### အုပ်စု(ဂ)ပွဲစဉ်များ

**ဆလိုဗေးနီးယား - ဒိန်းမတ်**

**ဇွန် ၁၆ ရက်(တနင်္ဂနွေနေ့)ည ၁၀း၃၀ နာရီ**
**(စတုဂတ်ဘောလုံးကွင်း၊ စတုဂတ်မြို့)**

**နှစ်သင်းထိပ်တိုက် တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၁၉၉၆-၉၇ | ဆလိုဗေးနီးယား ၀-၂ ဒိန်းမတ် | ၄-၀ | ဆလိုဗေးနီးယား | (ကမ္ဘာ့ဖလား ၉၈ ခြေစစ်ပွဲ) |
| ၂၅-၄-၂၀၀၁ | ဒိန်းမတ် ၃-၀ ဆလိုဗေးနီးယား | | | (ခြေစမ်းပွဲ) |
| ၇-၂-၂၀၀၈ | ဆလိုဗေးနီးယား ၁-၂ ဒိန်းမတ် | | | (ခြေစမ်းပွဲ) |
| ၂၀၂၃ | ဆလိုဗေးနီးယား ၁-၁ ဒိန်းမတ် | ၂-၁ | ဆလိုဗေးနီးယား | (ယူရို ၂၀၂၄ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့်(၅၆)ရှိသည့် ဆလိုဗေးနီးယားအသင်းနှင့် ကမ္ဘာ့အဆင့်(၂၁)ရှိသည့် ဒိန်းမတ်အသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ ၆ ကြိမ်ဆုံတွေ့ခဲ့ရာ ဆလိုဗေးနီးယားက အနိုင်ရရှိမှုမရှိဘဲ ၁ ကြိမ်သရေကျကာ ၅ ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရရော ခြေစွမ်းပါသာနေသည့် ဒိန်းမတ်တို့ အနိုင်သချာသည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ဆလိုဗေးနီးယား-နိုင်၊သရေ၊နိုင်၊နိုင်၊သရေ | ဒိန်းမတ်-ရှုံး၊သရေ၊နိုင်၊နိုင်၊နိုင်

**ဆားဘီးယား - အင်္ဂလန်**

**ဇွန် ၁၇ ရက်(တနင်္လာနေ့)ည ၀၁း၃၀ နာရီ**
**(ရှော်လ်ကာဘောလုံးကွင်း၊ ဂဲလ်ဆန်ကာချန်မြို့)**

**နှစ်သင်းထိပ်တိုက် တွေ့ဆုံမှု**

၃-၆-၂၀၀၃ အင်္ဂလန် ၂-၁ ဆားဘီးယား (ခြေစမ်းပွဲ)

ကမ္ဘာ့အဆင့်(၃၃)ရှိသည့် ဆားဘီးယားအသင်းနှင့် ကမ္ဘာ့အဆင့်(၃)ရှိသည့် အင်္ဂလန်အသင်းတို့သည် ခြေစမ်းပွဲတစ်ပွဲသာ တွေ့ဆုံဖူးပြီး ထိုပွဲတွင် အင်္ဂလန်က အနိုင်ရထားသည့်အတွက် အစဉ်အလာအရ အင်္ဂလန်တို့အသာရနေပြီး ကမ္ဘာ့အဆင့်ကလည်း ကွာခြားနေသည့်အတွက် အင်္ဂလန်တို့၏ အဖွင့်ပွဲစဉ်သည် နိုင်ပွဲရဖို့ သေချာနေသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ဆားဘီးယား-သရေ၊ရှုံး၊နိုင်၊ရှုံး၊နိုင် | အင်္ဂလန်-သရေ၊ရှုံး၊သရေ၊နိုင်၊ရှုံး

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၇-၆-၂၀၂၄ တနင်္လာနေ့ | နံနက်၀၂း၀၀နာရီ | အီကွေဒေါ - ဟွန်ဒူးရပ်စ် |
| ။ | နံနက်၀၅း၀၀နာရီ | ပနားမား - ပါရာဂွေး |





# ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် အမရပူရမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ယန္တရား)ဝင်းတွင် ကျင်းပ

**မန္တလေး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ယန္တရား)ဝင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ အတူတကွ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က သတ်မှတ်နေရာတွင် စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် အတူတကွ စိုက်ပျိုးခဲ့ကြသည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်နှင့် သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်များကို တပျော်တပါး စိုက်ပျိုးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် ယနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မည်စည်(မယ်ဇယ်)၊ သဘော်တည်၊ တပေဘူတ၊ ပိတောက်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ကုက္ကိုလ်၊ မယ်ဇလီ၊ တမာ၊ ယင်းမာ၊ မန်ကျည်း၊ ခရေ စသည့် သစ်မျိုး ၁၃ မျိုး၊ စုစုပေါင်း ၅၅၂ ပင်အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)















# ချမ်းမြသာစည်မြို့နယ် အမှတ်(၁၉)အခြေခံပညာအလယ်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး ဇွန် ၁၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာဖြင့် စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ဥပဓိရုပ်များကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာ



အမြင်တင့်တယ်စေရေးအတွက် အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၁၉) အခြေခံပညာအလယ်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကျောင်းသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားများဖြင့် တက်ညီလက်ညီ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့်မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည်

**မန္တလေး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှုအစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှစတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၁၇ ရက်တွင် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုရပ်၊ မယ်ဇယ်ဈေးတန်းအနီးတွင်လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့ ရုံးပိတ်ရက်တွင် ရပ်နားထားပြီး၊ ဇွန် ၁၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်(၈၂)၊ ကမ်းနားလမ်း၊ နှင်းဆီအငှားအိမ်ရာတွင်လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်(၂၃၂)၊ လမ်း၃၀နှင့် သင်္ဂဇာအရှေ့ပတ်လမ်းထောင့်တွင်လည်းကောင်း နေ့စဉ် နံနက် ၆နာရီခွဲမှစ၍ ရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၂၁ ရက်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့်၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှစတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၆)

သတင်း-စာမျက်နှာ ၁၂





# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၇၆)

စာပေဂျာနယ်အမှတ်(၇) ရွေးကဗျာစာရင်းတွင် ကျွန်တော့် ကဗျာနှင့်အတူ ကိုသင်းဝေ၊ ကိုကြည်သာ၊ အောင်ဘညိုတို့၏ ကဗျာများလည်း ရွေးစာရင်းမှာပါရှိကြသည်။ ကိုသင်းဝေနှင့် ကိုကြည်သာတို့မှာ ရင်းနှီးသော ကဗျာမိတ်ဆွေသူငယ်ချင်းများ ဖြစ်ကြသည်။

ကျွန်တော်က သူငယ်ချင်း အောင်ဂျမ်းနှင့် ပတ်သက်ပြီး ကိုသင်းဝေ၊ ကိုကြည်သာတို့နှင့် ခင်မင်သိကျွမ်းရသည်။ ထိုစဉ်က ကိုကြည်သာမှာ မန္တလေးဈေးချိုနာရီစင်နားက ကုန်တိုက်တွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းဖြစ်သည်။ ကုန်တိုက်မှ ရောင်းချသော ပစ္စည်းများမှာ အခြားဈေးဆိုင်များထက် ဈေးနှုန်းချိုသက်သာသည်။

လူအများက ကုန်တိုက်တွင် တိုးဝှေ့တန်းစီဝယ်ယူကြသည်။ ဘာလီဖျော်ရည်၊ ဆပ်ပြာနှင့် အခြားလူသုံးကုန်ပစ္စည်းများဖြစ်သည်။ တချို့က ယင်းပစ္စည်းများကို တန်းစီဝယ်ယူသူများထံမှ အမြတ်ပေး၍ ပြန်လည်ဝယ်ယူကြသည်။ထို့ကြောင့်လည်း ကုန်တိုက်မှာ လူအမြဲစည်ကားနေသည်။

ကုန်တိုက်၏ အနောက်ဘက်တွင် မြို့တော်ခန်းမ(၂)ရှိပြီး ခန်းမအောက်တွင် တိုင်းသမအသင်းစု၏ ပန်းရိုးမ အရောင်းပြခန်းရှိသည်။ ပန်းရိုးမအရောင်းပြခန်းသည်လည်း လူသုံးကုန်ပစ္စည်းမျိုးစုံရောင်းချသည်။ ထူးခြားသည်မှာ လစဉ်ထုတ်မဂ္ဂဇင်းများနှင့် စာပေဗိမာန်ထုတ်စာအုပ် များကို ပန်းရိုးမတွင် ဝယ်ယူရရှိနိုင်သည်။ ပန်းရိုးမရှေ့ရှိ ပလက်ဖောင်းပေါ်တွင် ကျောင်းသုံးပုံနှိပ်စာအုပ်များကို မှောင်ခိုဈေးဖြင့် ရောင်းချနေသည်ကိုလည်း တွေ့ရသည်။

ကျွန်တော်က ကုန်တိုက်တွင် အလုပ်လုပ်သော ကိုကြည်သာဆီသို့ အောင်ဂျမ်းနှင့် အလည်ရောက်ဖူးသည်။ အောင်ဂျမ်းမပါသည့်အခါ ကိုသင်းဝေနှင့်ရောက်သည်။ ကိုကြည်သာကုန်တိုက်မှ အလုပ်နားသည့်အချိန် ထမင်းစားချိန်တို့တွင် လက်ဖက်ရည်ဆိုင်အတူထိုင်ကြပြီး ကဗျာအကြောင်း စာအကြောင်း မမောနိုင်မပန်းနိုင် ပြောဆိုဆွေးနွေးကြသည်။

စာပေဂျာနယ်အမှတ်(၇)တွင် ကိုကြည်သာမှာ ကဗျာရွေးစာရင်း ၂ ပုဒ်(နေထိုင်ခြင်းများနှင့် အရည်အချင်း)ပါသောကြောင့် ကျွန်တော်လည်း ကိုသင်းဝေကိုခေါ်ပြီး ကိုကြည်သာဆီ ထွက်လာခဲ့သည်။ ကိုကြည်သာမှာ စာပေဂျာနယ် အမှတ်(၅)တွင်လည်း ကံတရားနဲ့ ရန်ဖြစ်ခြင်းကဗျာ ဖော်ပြပါရှိခဲ့ဖူးသည်။ ထိုကဗျာပါတုန်းကလည်း ကိုကြည်သာက ကျွန်တော်တို့အား လက်ဖက်ရည်တိုက်ပါသည်။

ကျွန်တော်နှင့်ကိုသင်းဝေ ကိုကြည်သာ့ဆီရောက်တော့ ကိုကြည်သာမှာ ကုန်တိုက်အရောင်းဆိုင်တွင် တာဝန်မကျဘဲ ဂိုထောင်တွင် တာဝန်ကျသောကြောင့် ကျွန်တော်တို့က ဂိုထောင်အထိ လိုက်တွေ့ကြသည်။

ကုန်တိုက်ဂိုထောင်မှာ ၂၆လမ်း၊ ရွှေတချောင်းအနောက်ဘက်တွင်ရှိသည်။ ဂိုထောင်ထဲတွင် သက်သာလက်ဖက်ရည်ဆိုင်ရှိ၍ ထိုလက်ဖက်ရည်ဆိုင်တွင်ထိုင်ပြီး ကဗျာအကြောင်း ပြောဆိုကြသည်ကိုလည်း အမှတ်ရနေမိသည်။

၁၉၈၉ ခုနှစ်တွင် စာပေလှုပ်ရှားမှုအမှတ်တရပွဲများအနေဖြင့် တောင်သမန်အင်းစောင်းဘေးရှိ ကိုပညာ(အမရပူရ) သီတင်းသုံးသော တောင်လေးလုံးကျောင်းတွင် အများဆုံးလုပ်ဖြစ်သည်။

ထိုပွဲများကိုလည်း မလွတ်တမ်း တက်ရောက်ဖြစ်သည်။ မှတ်မှတ်ရရ ဆရာမကြီး လူထု ဒေါ်အမာရေးသည့် "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်(၂၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို ၁၉၈၉ ၊ မေ ၂၇ရက် စနေနေ့ နံနက် ၉ နာရီမှာ ကျင်းပဖြစ်သည်။ ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်မှာ ၁၉၆၄ "ယဉ်ကျေးမှုအနုပညာဆိုင်ရာစာပေ" ပထမဆုရ စာအုပ်ဖြစ်သည့်အတွက် (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အဖြစ် အကျဉ်းချုံးပြုလုပ်ခြင်းဖြစ်သော်လည်း အနယ်နယ်အရပ်ရပ်မှ စာရေးဆရာ၊ ကဗျာဆရာများ၊ သဘင်၊ ဂီတနယ်ဘက်မှ လူများလာကြသည်။

ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေ၊ ရေနံမြေစု၊ နန်းတော်ရှေ့ဆရာတင်၏ သား ရွှေနန်းတင်၊ မြို့မငြိမ်းသား ဦးရွှန်းမြိုင်၊ ငြိမ်းချမ်းရေး ညွန့်တင်၊ လမင်းတရာ မောင်မြတ်မှိုင်း၊ ပန်တျာငွေးငွေးမြင့်၊ လူရွှင်တော်သာခု၊ စောင်းမှုမှုသိန်းညီအစ်မ စသည်ဖြင့် လူစုံတက်စုံ တွေ့ရပြီး ဆိုကြတီးကြနှင့် လွမ်းဆွတ်အမှတ်ရမိသည်။

နောက်ထပ် တောင်လေးလုံးကျောင်းတွင် ကျင်းပဖြစ်သည့်ပွဲမှာ စာရေးဆရာ သတင်းစာဆရာ အိုးဝေ ဦးညိုမြ ကွယ်လွန်ခြင်း (၄)နှစ်ပြည့်အမှတ်တရအဖြစ် ပြုလုပ်ခြင်းဖြစ်သည်။ ၁၉၈၉ စက်တင်ဘာ ၂၉ ရက်ဖြစ်ပြီး ဆရာတော် ဦးပညာက အဖွင့်အမှတ်တရစကား ပြောသည်။ လူထုဒေါ်အမာ၊ ဒေါ်မာလာ၊ ရွှေဘိုမိမိကြီးတို့က သတင်းစာဆရာ အိုးဝေ ဦးညိုမြနှင့်ပတ်သက်သည့် အမှတ်တရ အလွမ်းစကားများ အသီးသီးပြောကြားကြသည်။



တစ်ဆက်တည်းမှာပဲ ဆရာ ဦးညိုမြ အထိမ်းအမှတ်သစ်ပင် မယ်ဇယ်ပင်(မဈ္ဈူသကနတ်ပန်းပင်) သစ်ပင်စိုက် ဂုဏ်ပြုကြသည်။

ပွဲကျင်းပအပြီး တက်ရောက်လာသည့် စာပေအနုပညာရှင် ဧည့်ပရိသတ်အား ဦးညိုမြကြိုက်သည့် နာမည်ကျော် ပွဲတော်ချက် ဝက်သားဟင်းလေးချက်ဖြင့် ဧည့်ခံရာ ကျွန်တော်တို့တစ်တွေ ကျောင်းဝင်းခရေပင်ရိပ်အောက်မှာ မြိန်ရေရှက်ရေ စားသုံးခဲ့ကြသည်။ ဆရာ ဦးညိုမြ၏ ထင်ရှားသော စာအုပ်မှာ "ကုန်းဘောင်ရှာပုံတော်" စာအုပ်ကြီးဖြစ်သည်။ ဤစာအုပ်ဖြင့် ဦးညိုမြအား သတင်းစာဆရာအဖြစ်သာမက သမိုင်းဆရာအဖြစ် အသိအမှတ်ပြုခံခဲ့ရလေသည်။ ထိုပွဲမှ အိုးဝေ ဦးညိုမြ၏ "နန်းကြာညို" ဝတ္ထုတိုစာအုပ်ကလေး အမှတ်တရ ရခဲ့သည်မှာ လွမ်းမောစရာပင်။

၈၉ စက်တင်ဘာလ ဦးညိုမြပွဲအပြီး နောက်လအောက်တိုဘာ ၂၄ ရက် အင်္ဂါနေ့တွင်လည်း တောင်လေးလုံးကျောင်း၌ စာပေပွဲတစ်ပွဲလုပ်ဖြစ်ပြန်သည်။ ဆရာကြီး ရွှေဥဒေါင်း၏ ရာပြည့်ပွဲဖြစ်သည့် ထိုပွဲကိုလည်း ကျွန်တော်တက်ရောက်ဖြစ်ခဲ့သည်။ပွဲနေ့တွင် ပန်းချီဆရာ ပေါ်ဦးသက် ရေးဆွဲထားသော ဆရာကြီး ရွှေဥဒေါင်း အမှတ်တရပို့စကတ်ပေးသဖြင့် ရရှိခဲ့သည်။ ယင်းပို့စကတ်ထုတ်ဝေ ဖြန့်ချိခွင့်ရအောင် ဆရာကျော်စွာထက် ရန်ကုန်သို့သွား၍ဆောင်ရွက်ပေးခဲ့သည်ကို အမှတ်တရနေမိသည်။ ဆရာကြီး ရွှေဥဒေါင်းပွဲတွင်လည်း စာရေးဆရာ၊ ကဗျာဆရာများ စုံစုံလင်လင်တွေ့ရသည်။ ဆရာလင်းယုန်မောင်မောင်၊ ဆရာမျိုးမြင့်ဆွေ၊ ဆရာကြည်အောင်၊ ဆရာ မောင်စွမ်းရည်၊ ဆရာ ကိုလေး၊ ဆရာ မောင်သွေးသစ်၊ ဆရာ စိုးနိုင်(မန္တလေးတက္ကသိုလ်)၊ အောင်ကျော်တိုး၊ နုနုရည်(အင်းဝ)၊ ခြိမ့်သဲ စသည်ဖြင့် မန္တလေး၊ ရန်ကုန်၊ အမရပူရ၊ ပလိပ်၊ တံတားဦး အင်းဝ၊ စစ်ကိုင်းတစ်ဝိုက်မှ၊ စာရေးဆရာ၊ ကဗျာဆရာလူငယ်များဖြင့် စည်စည်ကားကားရှိလှသည်။

ဆရာတော် ဦးပညာ(အမရပူရ)က ရွှေဥဒေါင်းရာပြည့်ပွဲကို စတင်ဖွင့်လှစ်လိုက်ပြီး ဆရာလင်းယုန်မောင်မောင်၊ ဆရာမျိုးမြင့်ဆွေ ဂုဏ်ပြုရတုဆူးငှက်၊ ဆရာ ကြည်အောင်၊ ကိုသန်းဋ္ဌေး(ဉတ္တရလွင်ပြင်)၊ စိုးနိုင်(မန္တလေးတက္ကသိုလ်)၊ ဆရာမကြီးလူထု ဒေါ်အမာတို့က ဆရာကြီး ရွှေဥဒေါင်း၏ စာပေဂုဏ်ကျေးဇူး၊ စာပေအလွမ်း၊ စာပေရသအကြောင်းများကို ပြောဆိုကြပါသည်။



ပွဲပြီးသွားသောအခါ ကျွန်တော်က ဆရာဦးကိုလေးထံသွားပြီး မကြာသေးခင်က ရေးထားသော ကျွန်တော့်လက်ရေးမူကဗျာတစ်ပုဒ်ကို ပြဖြစ်သည်။

"ဆရာ ကျွန်တော့်ကဗျာလေးဖတ်ကြည့်ပေးပါဦး"



ဆရာကြီးရွှေဥဒေါင်း၊ ၁၈၈၉-၁၉၇၃ ၊

ဆရာကိုက ကျွန်တော့်ကဗျာစာရွက်ကို သေချာ ဖတ်ကြည့်ပြီး ယခုလို ပြောပါသည်။

"ဟာ--သွယ်အောင်--မင်းကဗျာ ကောင်းလှ ချည်းလား၊ ဒါ--မော်ဒန်ပေါ့ထရီပဲ။ ကောင်းတယ်ကွာ။ ---ချ---ချ" ဟု အားပေးလေသည်။

"မင်းကဗျာ---မဂ္ဂဇင်းပို့ပြီးပြီလား။"

"မပို့ရသေးဘူးဆရာ"

"မြန်မြန်ပို့လိုက်တော့လေ---ရုပ်ရှင်တေးကဗျာပို့ရင် ပိုကောင်းမယ်၊ အဲဒီမှာ ဒီလို ကဗျာမျိုးကြိုက်တဲ့ အယ်ဒီတာကဗျာဆရာ မောင်သင်းခိုင်ရှိတယ်"

"ဟုတ်ကဲ့ဆရာ ကျေးဇူးပါ"

ဆရာကြီး ရွှေဥဒေါင်းရာပြည့်ပွဲမှ အပြန်နောက်တစ်နေ့တွင် ကျွန်တော်ရေးထားသော "လှေကားနှစ်ဆယ့်ရှစ်ထစ်" ကဗျာကို စာတိုက်မှတစ်ဆင့် ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်းသို့ ပို့ဖြစ်သည်။

ကျွန်တော့်အသက်(၂၈)နှစ်ပြည့်မွေးနေ့ကို ဂုဏ်ပြုရေးဖွဲ့ထားခြင်းဖြစ်သည်။ ကဗျာပို့အပြီး နောက်လနိုဝင်ဘာတွင် သတင်းကောင်းကြားရသည်။

သတင်းမှာ ကျွန်တော်၏ "လှေကားနှစ်ဆယ့်ရှစ်ထစ်" ကဗျာရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်းတွင် ပုံနှိပ်စက်တင်နေကြောင်း၊ ဒီဇင်ဘာလထုတ်တွင် ပါရှိမည်ဖြစ်ကြောင်း ရန်ကုန်မှ ရောက်လာသော ဆရာ မင်းသစ်ထံမှ ကြားသိရခြင်းဖြစ်ပါသည်။ စာအုပ်မချုပ်ရသေးသော ကဗျာစာရွက်ရိုက်နှိပ်ပြီး စာဖောင် ဆရာမင်းသစ်ဆီပါလာကြောင်း ကျွန်တော်နှင့်တွေ့သည့်အခါပေးမည်ဟု အောင်ဘညိုက ကျွန်တော့်အား ပြောပြပါသည်။

**သွယ်အောင်**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ



**မိုင်းခုတ် ဇွန် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လူငယ်၊ လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်ပြပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်-၃ (အင်အားပြ) ဒေါ်ဇင်မီမီထွန်းက အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး အကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေးစာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါး အမျိုးအစားများနှင့် သုံးစွဲခြင်းဖြင့် ရရှိနိုင်သည့် ဆိုးကျိုးအန္တရာယ်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး အကြောင်းအရာများ ပါဝင်သည့် နံရံကပ်စာစောင်များအား တက်ရောက်လာသော လူငယ်၊ လူရွယ်များက ဖတ်ရှုလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

## ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ ကဗျာရွတ်ဆို၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်



**ကန့်ဘလူ ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းတွင် ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ ကဗျာရွတ်ဆို၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဇွန် ၁၄ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ကျောင်းသား၊ ကျောင်းသူများအား ဉာဏ်ရည်၊ ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကာယဉာဏ စွမ်းရည်များ ထက်မြက်လာစေရန်၊ အသိပညာ ဗဟုသုတများ တိုးတက်လာစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မူလွန်(၂) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးက ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ ကဗျာရွတ်ဆို၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)



သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

## နံရံကပ်စာစောင် စာအုပ်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ကျောက်ပန်းတောင်း ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေး နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများနှင့်ပတ်သက်၍ လူငယ်များ လေ့လာသိရှိနိုင်စေရန် စိတ်ကြွဆေးအမျိုးအစားများနှင့် သုံးစွဲသူများတွင် ခံစားရရှိနိုင်သည့် အကျိုးအပြစ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်းများကြောင့် ဥပဒေအရ ကျခံရနိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ စသည်တို့ကို နံရံကပ်ဘုတ်တွင် ချိတ်ဆွဲပြသထားရှိပြီး၊ မြို့နယ်ဦးစီးအရာရှိက အသိပညာပေးရှင်းလင်းသည်။ စာအုပ်ပြပွဲတွင် သုတ၊ ရသ စာအုပ်မျိုးစုံ ၇၀ အုပ်ခန့်ကို ခင်းကျင်းပြသထားရှိပြီး စာအုပ်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိနိုင်မည့် အသိပညာဗဟုသုတများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နိုင်ပုံများနှင့် စာကြည့်တိုက်အသင်းဝင်ကတ်ပြုလုပ်၍ စာအုပ်များ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ကြောင်းတို့ကို မြို့နယ်ဦးစီးအရာရှိနှင့် စာကြည့်တိုက်လက်ထောက်(၃)တို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသားလူငယ်များ၏ စာပေအပေါ် စိတ်ဝင်စားမှုနှင့် စာပေဖတ်ရှုလေ့လာမှုအရည်အသွေးများ ဆန်းစစ်နိုင်ရန်အတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲ ပြုလုပ်ရာ Grade-9ကျောင်းသား၊ ကျောင်းသူလေးများက အမျိုးသား၊ အမျိုးသမီး အုပ်စုခွဲ၍ စာရေးဆရာရဲတင့် ရေးသားသည့် နိုင်ငံများ၏ ဥစ္စာခေနေ စာအုပ်ကို အလှည့်ကျဖတ်ရှုကာ စာအုပ်ပါအကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ Grade-9 မှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၆)

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စာကြည့်တိုက်သို့

* လူ၏ခန္ဓာ၊ ကျန်းခန့်သာဖို့
အစာရေဆေး၊ တိုက်ကျွေးပေးမှု
ပမာပြုသို့။

* စိတ်ဓာတ်စာ၊ ပြည့်ဝလာဖို့
စာပေဖတ်မှတ်၊ ကြီးမြတ်ဥစ္စာ
ဉာဏ်ရည်ဖြာလိမ့်။

* ပညာသဘာ၊ အာဘာနတ္ထိ
ဟောရှိကျမ်းလာ၊ ရတနာကို
ဖွေရှာဖြည့်ဆည်း၊ စာပုတီးနှယ်
သိုမှီးဖတ်မှတ်၊ ကျင့်ကောင်းမြတ်မို့
ပေးအပ်ဝေမျှ၊ သုတရသ
ဓမ္မစာပေ၊ စုပေါင်းဝေဆာ
တည်ရာဌာန၊ စာပေဘဏ်တိုက်
စာကြည့်တိုက်သို့ ..... သွားကြစို့။ ။

**(၂-၆-၂၀၂၄)ရက်တွင် ကျင်းပခဲ့သော ဘဝဆည်းဆာဓမ္မရိပ်သာ ပုလဲဆရာတော်၏ ရသဘဏ် စာကြည့်တိုက်ဖွင့်ပွဲအား ဤကဗျာဖြင့် ဂုဏ်ပြုအပ်ပါသည်။**

မောင်ဘိုသိန်း(မန္တလေး)



## သတင်းဗဒေသာ

### မူးယစ်ဆေးဝါး ဆန့်ကျင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) မူးယစ်ဆေးဝါး ဆန့်ကျင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက သူနာပြု၊ သားဖွားသင်တန်းကျောင်းတွင် ကျင်းပခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၄/၂၀၂၄)သင်တန်းဖွင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ထောက်ပံ့မှုဖြင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ခရိုင်ရုံးလူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရပါသည်။

**မြို့နယ်(ပြန်/ဆက်)**

### နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀နာရီခွဲကက မိုင်းခုတ်မြို့ရှိ အခြေခံပညာမူလတန်းကျောင်း(ဝမ်ကတ်)သို့ နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် စစ်တုရင်ပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါရုံးရှိလူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စစ်တုရင်ပြိုင်ပွဲကျင်းပပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မိုးသီးနှံများအောင်မြင်ဖြစ်ထွန်းမှု တာဝန်ရှိသူများစစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက နားခံကျေးရွာအုပ်စု၊ ဝမ်ယေးကျေးရွာတွင် တောင်သူများ စိုက်ပျိုးထားသော မိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## (၈၅)ကြိမ်မြောက် အခြေခံပညာကျောင်းများသို့ စာရေးကိရိယာများ လှူဒါန်း

**မတ္တရာ ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ နေပုညသင်္ဂဟ ပညာရေး ထောက်ပံ့အသင်းမှ စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ လှူဒါန်းပွဲကို ဇွန် ၁၄ ရက် နံနက် ၁၁နာရီက အမှတ်(၃) ရပ်ကွက်ရှိ (မြို့မ)မူလတန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်းက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် နေပုညသင်္ဂဟ ပညာရေးထောက်ပံ့ အသင်း အတွင်းရေးမှူး ဦးအောင်မော်က အသင်း၏လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စာရေးကိရိယာပစ္စည်းများ လှူဒါန်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး (မြို့မ)မူလွန် ကျောင်းအုပ်ဆရာကြီး ဦးကြွယ်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသင်းသားများမှ စုစုပေါင်း ငွေကျပ် ၁၇၃၃၈၀၀၀တန်ဖိုးရှိ လွယ်အိတ်နှင့် စာရေးကိရိယာများကို(မြို့မ) မူလွန်မှ KG နှင့် Grade-1 ကျောင်းသား၊ကျောင်းသူ ၁၆၈ဦး၊ မှန်စီဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် နဂါးပတ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့မှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၇၀ဦး၊ စုစုပေါင်း ၂၃၈ဦးတို့၏ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြသည်။

**(အပေါ်ပုံ)**

အဆိုပါ ပညာရေးထောက်ပံ့အသင်းသည် မတ္တရာမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ စာရေးကိရိယာပစ္စည်းများအား ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(ကဆ)**

## မြင့်မြတ်သူစေတနာသွေးလှူအသင်းက နာမကျန်းလူနာများအတွက် ဇီဝိတဒါန သွေးလှူဒါန်း

**ညောင်ဦး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ၊ ညောင်ဦးမြို့ မြင့်မြတ်သူစေတနာ သွေးလှူရှင်အသင်းက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ဆေးဝါးကုသမှုခံယူကြသည့် နာမကျန်းလူနာများအတွက် အရေးပေါ်လိုအပ်လာပါက အဆင်ပြေစွာ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ယမန်နေ့က ပရဟိတသွေးလှူရှင်အသင်းဝင်များ စုပေါင်းပြီး ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ဇီဝိတဒါနအဖြစ် သွေးပုလင်းအလုံး ၂၀ ဖြည့်ဆည်းလှူဒါန်းပေးခဲ့သည်။

ထိုသို့ နာမကျန်းလူနာများအတွက် ဇီဝိတဒါနအဖြစ် သွေးလှူဒါန်းပေးရာတွင် ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာ သွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြင့်အောင်ဦးဆောင်၏ ကြီးကြပ်မှုဖြင့် ပရဟိတသွေးလှူရှင်အသင်းသားများက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး အရေးပေါ် သွေးလိုအပ်လာသော လူနာများအတွက် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု အဆင်ပြေစွာ ကုသပေးနိုင်ရန် အေသွေး ၁၂ လုံး၊ ဘီသွေး သုံးလုံး ၊ အိုသွေး သုံးလုံး ၊ အေဘီသွေး နှစ်လုံး ၊ စုစုပေါင်း သွေးပုလင်းအလုံး ၂၀ ကို ဖြည့်ဆည်းလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာ သွေးလှူရှင်အသင်းအနေဖြင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ကျန်းမာရေးအတွက် လာရောက်ဆေးဝါးကုသမှုခံယူကြသည့် ဒေသတွင်းရှိ ပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများကို အရေးပေါ် သွေးလိုအပ်လာပါက အချိန်နှင့်တပြေးညီ ဆေးဝါးကုသပေးနိုင်ရန်အတွက် ဇီဝိတဒါနအဖြစ် နေ့စဉ် သွေးလိုအပ်ချက် မရှိအောင် ဖြည့် ဆည်းကူညီ လှူဒါန်းပေးလျက်ရှိကြောင်း အဆိုပါ ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြင့်အောင်ထံမှ သိရသည်။

**(၄၄၅)**

## ဝေမျှခြင်းပရဟိတမိသားစုမှ သောက်သုံးရေလှူဒါန်း

**ညောင်ဦး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေလိုအပ်သောကျေးရွာများသို့ ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတမိသားစုမှ သောက်သုံးရေလှူဒါန်းပေးလျက်ရှိရာ ဇွန် ၁၁ ရက် နံနက်၉ နာရီခွဲက ထနောင်းဝန်းကျေးရွာနှင့် တောင်ဇင်းအုပ်စု၊ ညောင်တိုတဲတိုက်သို့ သောက်သုံးရေ သွားရောက်လှူဒါန်းခဲ့သည်။



ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေ လိုအပ်သော ကျေးရွာများသို့ ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတမိသားစုမှ သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိရာ ထနောင်းဝန်း ကျေးရွာအတွက် သောက်သုံးရေ ၁၆၀၀ဂါလန်နှင့် တောင်ဇင်းအုပ်စု၊ ညောင်တိုတဲတိုက်အတွက် သောက်သုံးရေ ၁၆၀၀ ဂါလန်၊ စုစုပေါင်း ၃၂၀၀ ဂါလန် လှူဒါန်းပေးခဲ့ကြောင်း အေးမေတ္တာရေ အလှူတော်အသင်း တာဝန်ခံ ဦးဝင်းမင်းထွန်းထံက သိရသည်။

**(အပေါ်ဝဲပုံ)(ကဆ)**

## အပြည်ပြည်ဆိုင်ရာသွေးလှူရှင်များနေ့ ဂုဏ်ပြုစေတနာရှင်များ စုပေါင်းသွေးလှူဒါန်း

**မန္တလေး ဇွန် ၁၅**

အပြည်ပြည်ဆိုင်ရာ သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ရှိ စေတနာသွေးလှူရှင်များက စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၄ရက် နံနက်၈နာရီက ချမ်းအေးသာစံမြို့နယ် လမ်း၃၀ရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောကုသဆောင်တွင် ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် မန္တလေးမြို့ရှိ သွေးလှူရှင်အသင်းများဖြစ်သော အားသစ်မာန်သွေးလှူရှင်အသင်း၊လောဟိတသွေးလှူရှင်အသင်း၊ ပရဟိတမင်းခေါင် သွေးလှူရှင်အသင်း၊ မဟာသွေးလှူရှင်အသင်း၊ ဓမ္မပါလသွေးလှူရှင်အသင်း၊ KBZဘဏ်သွေးလှူရှင်အသင်း Diamond Century သွေးလှူရှင်အသင်းတို့မှ စေတနာသွေးသန့် သွေးလှူရှင်များသွေးများလှူဒါန်းရာ သွေးလှူဘဏ်တာဝန်ခံရောဂါဗေဒဆရာဝန်ကြီးနှင့် ဆရာဝန်သူနာပြုများက သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြား သွေးဖောက်ယူခြင်းများ ကူညီဆောင်ရွက်ပေးကြပြီး အားဖြည့်အစာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၄၅)**



# မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရန်ခြိမ်းခြောက်မှု၊ Mobile Phone အရောင်းဆိုင်များအား လုယက်မှုနှင့် ခရီးသွားပြည်သူများအား ဓားထောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုတို့မှ ကျူးလွန်သူတရားခံ ၁၁ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



**Sky Mobile Phone အရောင်းဆိုင်နှင့် Paradise Mobile Phone အရောင်းဆိုင်တို့အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံ ရှစ်ဦးနှင့် သက်သေခံပစ္စည်းများ ဖမ်းဆီး/သိမ်းဆည်းရမိမှု။**

နေပြည်တော် ဇွန် ၁၅

မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခြင်း၊ ဓားပြမှု၊ လုယက်မှုနှင့် ဒုစရိုက်မှုများ ကျူးလွန်ခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင် ဧည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့သည့် ပြစ်မှုများမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ပေါ်၌ ပြည်သူများအား အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲရေးသုံးပစ္စည်းများဖြင့် ပစ်ခတ်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဇွန် ၁၂ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင် ဧည့်စာရင်း စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မဟာမြိုင်(၂) ရပ်ကွက် ၄၃(အေ)လမ်း ၆၁ လမ်းထောင့်ရှိ Royal Star စားသောက်ဆိုင်ရှေ့တွင် အမျိုးသား နှစ်ဦးက လက်ပစ်ဗုံး တစ်လုံးနှင့် ဓားမြှောင် တစ်ချောင်းတို့အား ကိုင်ဆောင်၍ ဆိုင်ဝန်ထမ်းများအား ရန်ရှာခြိမ်းခြောက်နေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လက်ပစ်ဗုံးဖြင့်ဖောက်ခွဲရန် ခြိမ်းခြောက်ခဲ့သူ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် ဒ-၉/၁၀၆ နေ ဝင်းမြိုင်(၅၆)နှစ် (ဘ)ဦးချစ်ခင်အား MG-1 လက်ပစ်ဗုံး တစ်လုံး၊ အရိုးအသွား ၁၃ လက်မခန့်ရှိ ဓားအိမ်ပါ ဓားဦးချွန် တစ်ချောင်းဖြင့် လည်းကောင်း၊ ဓားဦးချွန်ကိုင်ဆောင် ခြိမ်းခြောက်ခဲ့သူ ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာရှိ အောင်မြေမန္တလာဝန်ထမ်းအိမ်ရာနေ ကျော်ဇေယျာ(၃၉)နှစ် (ဘ) ဦးကျော်ငွေးအောင်အား ဓားဦးချွန် တစ်ချောင်းဖြင့် လည်းကောင်း၊ ဇွန် ၁၃ ရက် နံနက် ၁ နာရီတွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အသေးစိတ် ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များအတွင်း လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူ ပိုင်စိုး(ခ)ပိုင်ပိုင်စိုး(ခ)ရှုရစ်ဘိုင်(၃၂)နှစ် (ဘ)ဦးအောင်သန်းအား ဇွန် ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုံးအိုးကျေးရွာရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ ပိုင်စိုး(ခ)ပိုင်ပိုင်စိုး(ခ)ရှုရစ်ဘိုင်သည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်များအတွင်း စစ်ကိုင်းမြို့နှင့် မန္တလေးမြို့များအတွင်း ခိုးမှုနှင့် လုယက်မှု နှစ်မှုတို့ဖြင့် ထောင်ဒဏ် လေးနှစ် ကျခံခဲ့ရဖူးသူဖြစ်ပြီး လွန်ခဲ့သည့် ၂၀၂၄ ခုနှစ် မေလအတွင်း ၎င်းသည် ဖမ်းဆီးရန်ကျန် တရားခံ ကျောက်ဆည်မြို့နယ် လက်ပံကျေးရွာနေ မျိုးမင်းလတ်နှင့်အတူ အမရပူရမြို့နယ်အတွင်းရှိ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး ကျောက်စိမ်း ဘုရားအနီး၊ စွယ်တော်ဘုရားအရှေ့ဘက်ပွဲရုံ တိုက်တန်းအနီး၊ မြစ်ငယ်-စစ်ကိုင်းသွားကားလမ်းရှိ ကျောက်စိမ်း ဘုရားအနီး၊ မြစ်ငယ်-အုန်းချောသွား ကားလမ်းရှိစိတ်ကျန်းမာရေး ဆေးရုံအနီး၊ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဘေးရှိ နတ်ရေကန်ကျေးရွာအနီး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းရှိ တံခွန်တိုင်အဝိုင်းအနီး၊ ၇၃ လမ်းရှိ ယာယီကားကြီးကွင်း အနီး စုစုပေါင်း နေရာ ခုနစ်ခုတို့တွင် ဆိုင်ကယ်စီးနင်း သွားလာသူများထံမှ ရွှေထည်ပစ္စည်းများအား လုယက်မှု ခုနစ်ကြိမ် ကျူးလွန်ခဲ့သူဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး အမှုများမှ သက်သေခံပစ္စည်းများအား သိမ်းဆည်းနိုင်ရေးနှင့် အမှုမှ ဖမ်းဆီးရန်ကျန် တရားခံ မျိုးမင်းလတ်အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ၂၀၂၄ ခုနှစ် ဇွန် ၂ ရက်နှင့် ၁၂ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နှင့်မဟာအောင်မြေမြို့နယ်တို့ရှိ Sky Mobile Phone အရောင်းဆိုင်နှင့် Paradise Mobile Phone အရောင်းဆိုင်တို့ရှိ လက်ကိုင်ဖုန်း မျိုးစုံ ၂၅ လုံးအား ဓားရှည်များ ကိုင်ဆောင်အသုံးပြု၍ လုယက်ယူဆောင်ခဲ့သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေး အထောက်အကူပြုပစ္စည်းမှ ရရှိသည့် အချက်အလက်များနှင့် ဒုစရိုက်မှုကိုမလိုလားသူ ပြည်သူများ၏ သတင်းပေးပို့ချက်အရ စုံစမ်းဖော်ထုတ်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန် ၁၃ ရက် နံနက် ၁၁ နာရီတွင် လုယက်မှုကျူးလွန်သူများဖြစ်ကြသည့် တရားခံ ကျော်ဇင်ခန့်(ခ)ငပြူး(၂၀)နှစ် (ဘ)ဦးဇော်မင်းနောင်အား မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ၃၈လမ်း၊ ၆၉ လမ်းနှင့် ၇၀ လမ်းကြားရှိ နယူးရွှေထိပ်တန်း တည်းခိုခန်း အခန်းအမှတ် B-1 တွင် လည်းကောင်း၊ ဟိန်းမင်းစိုး(ခ)ဖိုးသား (၂၈)နှစ် (ဘ)ဦးစိုးမြင့်အား ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၇ လမ်းနှင့် ၅၈ လမ်းကြား ၁၁၂ လမ်းပေါ်ရှိ Maple တည်းခိုခန်း အခန်းအမှတ်(၃၀၅) တွင်လည်းကောင်း လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် I Phone အမျိုးအစား လက်ကိုင်ဖုန်း ကိုးလုံး၊ Redmi A3 အမျိုးအစား လက်ကိုင်ဖုန်း ခုနစ်လုံးနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဓားရှည် နှစ်ချောင်း တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကျော်ဇင်ခန့်(ခ)ငပြူးနှင့် ဟိန်းမင်းစိုး(ခ)ဖိုးသားတို့၏ ထွက်ဆိုချက်အရ ၎င်းတို့ နှစ်ဦးက Mobile Phone အရောင်းဆိုင်များအား လုယက်မှု ကျူးလွန်စဉ် ဖမ်းဆီးရန်ကျန် တရားခံ စဉ့်ကူးမြို့နယ် လက်ပံလှ ကျေးရွာနေ မိုးဆန်းအောင်(ခ) ပိစိ(၂၉)နှစ် (ဘ)ဦးအေးဆောင်က ဆိုင်ကယ်ဖြင့် လိုက်ပါပို့ဆောင် ပေးခဲ့ကြောင်းနှင့် လုယက်ရာမှ ရရှိသည့် လက်ကိုင်ဖုန်းများအား အပေါင်ခံသူများ ဖြစ်ကြသည့် ရန်ကျော်(၃၄)နှစ် (ဘ)ဦးခင်မောင်ဝင်း၊ မောင်မောင်ချစ်(၂၉) နှစ် (ဘ)ဦးမောက်၊ ငွေးမင်းသူ (၃၄)နှစ် (ဘ)ဦးသိန်းမောင်တို့နှင့် လုယက်ရာမှရရှိသည့် လက်ကိုင်ဖုန်းများအား ရောင်းချပေးသူများ ဖြစ်ကြသည့် ခိုင်ဇာလင်း(၂၀)နှစ် (ဘ)ဦးလင်းထိန်၊ သက်သက်ဦး (၁၆)နှစ် (ဘ)ဦးအောင်မျိုးဝင်းနှင့် ဖွေးဖွေးလှိုင်(ခ)မျိုးသန္တာလှိုင်(၁၆) နှစ် (ဘ)ဦးနိုင်ဝင်းတို့အား ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်စစ်ဆေး ဖော်ထုတ်ချက်များအရ ကျော်ဇင်ခန့်(ခ) ငပြူး၊ ဟိန်းမင်းစိုး(ခ)ဖိုးသားနှင့် ဖမ်းဆီးရန်ကျန် တရားခံ မိုးဆန်း အောင်(ခ)ပိစိတို့ သုံးဦးသည် ဇွန်လ အတွင်း မန္တလေးမြို့ပေါ် ရပ်ကွက် များ၌ ဓားထောက်၍ ဆိုင်ကယ် လုယက်မှု သုံးမှုအား ကျူးလွန်ခဲ့ ကြောင်း ဖော်ထုတ်သိရှိရပြီး အဆိုပါ အမှုများမှ CZI အမျိုးအစား သက်သေခံဆိုင်ကယ် တစ်စီးအား သိမ်းဆည်းရမိခဲ့ကာ ကျန်သက်သေခံ ပစ္စည်းများအား ထပ်မံသိမ်းဆည်း ရမိနိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိသည်။



မန္တလေးမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များအတွင်း လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူ ပိုင်စိုး(ခ)ပိုင်ပိုင်စိုး(ခ) ရှုရစ်ဘိုင်(၃၂)နှစ် (ဘ)ဦးအောင်သန်းအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။



Sky Mobile Phone အရောင်းဆိုင်နှင့် Paradise Mobile Phone အရောင်းဆိုင်တို့အား လုယက်မှုကျူးလွန်ခဲ့သည့်အမှုမှ ဖမ်းဆီးရန်ကျန် တရားခံ မိုးဆန်းအောင် (ခ)ပိစိ။



လက်ပစ်ဗုံးဖြင့် ဖောက်ခွဲရန်ခြိမ်းခြောက်သူများဖြစ်သည့် တရားခံ ဝင်းမြိုင်(၅၆)နှစ် (ဘ)ဦးချစ်ခင်နှင့် ကျော်ဇေယျာ(၃၉)နှစ် (ဘ)ဦးကျော်ငွေးအောင်တို့အား MG-1 လက်ပစ်ဗုံး တစ်လုံး၊ အရိုးအသွား ၁၃ လက်မခန့်ရှိ ဓားအိမ်ပါ ဓားဦးချွန် တစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိမှု။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရန် ခြိမ်းခြောက်မှု၊ Mobile Phone အရောင်းဆိုင်များအား လုယက်မှုနှင့် ခရီးသွားပြည်သူများအား ဓားထောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့ကြသူ ဖမ်းဆီးရမိ တရားခံ စုစုပေါင်း ၁၁ ဦးတို့အား သက်ဆိုင်ရာရဲစခန်း အသီးသီးတွင် အမှုများဖွင့်လှစ်ထားရှိပြီး ကွင်းဆက်တရားခံနှင့် ဖမ်းဆီးရန်ကျန် တရားခံများ ထပ်မံဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများ အနေဖြင့် ရပ်ရွာများအတွင်း အကြမ်းဖက်မှုများနှင့် ဒုစရိုက်မှုများမဖြစ်ပွားစေရေး အကြမ်းဖက်သမားများနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှုသတင်းများအား သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသိပေး သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနား ကျင်းပ



**ညောင်ဦး ဇွန် ၁၅**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ပုဂံ-ညောင်ဦး လေဆိပ် မီးပွိုင့်လမ်းဆုံတွင် ဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်အား ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ခရိုင်စီမံအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်း၊ ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးပြည်ကျော်၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်တို့က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖျန်းပက်ကြသည်။ ထို့နောက် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ဆက်လက်၍ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေး လက်ကမ်းစာစောင်များအား ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နမ့်သီတာချိုစင်နှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဓာဓာဝင့်နှင့်အဖွဲ့ဝင်များ၊ သန်းခေါင်စာရင်းကောက်ယူရာတွင်ကူညီကြမည့် ဘော်လန်ဒီယာအဖွဲ့များက လမ်းသွားလမ်းလာပြည်သူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၁)

## မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်အားကစားခန်းမတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာဘဟန်က အဖွင့်အမှာစကားပြောကြားသည်။ဆက်လက်၍ ပြိုင်ပွဲအဖွင့် ပွဲစဉ်များအဖြစ် အမျိုးသားပြိုင်ပွဲတွင် ရက္ခဗေဒအသင်းနှင့် ဘူမိဗေဒအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဘူမိဗေဒအသင်းနှင့် ရူပဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်လင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသားများက ကြည့်ရှုအားပေးကြသည်။ အဆိုပါ ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသား ပြိုင်ပွဲတွင် အုပ်စု(က) ရက္ခဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ သင်္ချာ၊ မြန်မာစာ၊ အုပ်စု(ခ) အရှေ့တိုင်းပညာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် အင်္ဂလိပ်စာ၊ အမျိုးသမီးပြိုင်ပွဲတွင် အုပ်စု(က) ဘူမိဗေဒ၊ သင်္ချာ၊ ရူပဗေဒ၊ အုပ်စု(ခ) ဓာတုဗေဒ၊ အရှေ့တိုင်းပညာ၊ မြန်မာစာနှင့် အင်္ဂလိပ်စာတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအား ဇွန် ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(၄၅၃)

## ကျောင်းကျန်းမာရေးလုပ်ငန်းရှားမှုများ ကွင်းဆင်းဆောင်ရွက်

**မောက်မယ် ဇွန် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးဝန်ထမ်းများတို့က အသိပညာပေးဟောပြောခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဈေးတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို တစ်ကိုယ်ရည်သန့်ရှင်းရေး ယခု မိုးရာသီသွေးလွန်တုပ်ကွေးရောဂါကင်းဝေးစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ရမည့်လုပ်ငန်းများ မှာကြားခြင်း၊ ခြင်အန္တရာယ်ကင်းဝေးစေရေးနှင့် ခြင်များ မပေါက်ပွားစေရန်အတွက် နေအိမ်နှင့် ကျောင်းဝင်းအတွင်း ပြုလုပ်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မိုးရာသီတွင်အဖြစ်များသော ဝမ်းကိုက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် စားသောက်နေထိုင်ရမည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး မူလတန်းဆင့် ကလေးငယ်များအား အသက်အပိုင်းအခြားအလိုက် သတ်မှတ်ကာကွယ်ဆေးများဖြစ်သည့် ဘီစီဂျီ၊ အသဲရောင်အသားဝါဘီရောဂါ၊ ပိုလီယိုရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ပြင်းထန် အဆုတ်ရောင်(ပီစီဗီ)နှင့် ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ အစရှိသည့်ရောဂါများကို ကာကွယ်နိုင်ရန်အတွက် ၅ မျိုးစပ်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးကြပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့လည်း ဆက်လက်ကွင်းဆင်း၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဆရာမထံမှ သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ရွှေဘိုမြို့၌ ဒေသခံလူငယ် သုံးဦး ဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ် (၁၀) ရပ်ကွက်၌ ဇွန် ၁၄ ရက်တွင် တပ်မတော်က လူဦးရေစာရင်းကောက်ယူပြီး လူငယ်အမျိုးသား သုံးဦးကို ဖမ်းဆီးသွားကြောင်း မှန်ကန်မှုမရှိသော သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မှန်ကန်မှု ရှိ/မရှိ သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းရာ ဇွန် ၁၄ ရက်တွင် တပ်မတော်အနေဖြင့် ရွှေဘိုမြို့နယ်အတွင်း ပုံမှန်လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိပြီး လူဦးရေစာရင်း ကောက်ယူခြင်းနှင့် လူငယ်များကို ဖမ်းဆီးခြင်းများလုပ်ဆောင်နေသည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းသိရှိရသည်။ ရွှေဘိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ ထမ်းဆောင်လျက်ရှိပြီး ပြည်သူများအပေါ် ဥပဒေမဲ့ ဖမ်းဆီးအရေးယူခြင်းများ လုပ်ဆောင်မှုမရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားလိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်






## ပြောင်းဆန်လက်ကျန်နည်းလာတာကြောင့် ဈေးကောင်းရရှိလာ

ပြည်တွင်းပြောင်း လက်ကျန်နည်းလာတာကြောင့် ပြောင်းဈေးကွက် ဆက်တိုက်ဈေးမြင့်တက်လာသလို ဈေးကောင်းရရှိလာကြောင်း မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သိရသည်။

ဇွန် ဒုတိယသီတင်းပတ်တွင် ရန်ကုန်ဆိပ်ကမ်း အရောက်ပြောင်းဈေး မှာ တစ်ပိဿာ လျှင် ငွေကျပ် ၁၄၀၀ ကျော်ထိ ဈေးကောင်း ရရှိလာသည်။

လက်ရှိမှာ အဓိကပြောင်းတင်ပို့ နေတာက ထိုင်းနိုင်ငံရနောင် ဆိပ်ကမ်းကို တင်ပို့နေပြီး အိန္ဒိယနိုင်ငံကလည်း အခွန်ကင်းလွတ်ခွင့်နှင့် ဝယ်ယူလာကြောင်း သိရသည်။

ပြည်တွင်းပြောင်းလက်ကျန်နည်းလာတာကြောင့်လည်း လိုအပ်သလောက် မဝယ်ယူနိုင်တာကြောင့် ပြည်တွင်းပြောင်းဈေးမှာ ဈေးကောင်းလာရရှိလာခြင်း ဖြစ်သည်။

ပြည်တွင်းပြောင်းတင်ပို့မှုကို ပင်လယ်ရေကြောင်းကနေသာ အဓိကတင်ပို့နေပြီး ပြည်ပသို့ ဧပြီလနှင့် မေလအတွင်း ပြောင်းတန်ချိန် ၈ သိန်းကျော် တင်ပို့ထားသည်။ ရန်ကုန်ဆိပ်ကမ်း အရောက် ပြောင်းတစ်ပိဿာ ငွေကျပ် ၁၄၃၀၊ မန္တလေးဈေးကွက်တွက် ၅၄ ပိဿာငွေကျပ် ၆၉၀၀၀ ပေါက်ဈေးရှိနေသည်။

ရွှေမန်း

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံး၏ အားပေးထောက်ခံမှုနှင့် တပ်မတော်နှင့် ပြည်သူတစ်သားတည်းရပ်တည်မှုတို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများနှင့် ဒေသထုတ်ကုန်လုပ်ငန်းဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာ-သာစည်လမ်းရှိ ဦးမြဟန် ဆိတ်နှင့်သိုး မွေးမြူရေးလုပ်ငန်းတွင် လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နှင့် ဝမ်းတွင်းမြို့နယ် တို့အတွင်းရှိ ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းများနှင့် ဒေသထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

**ဆိတ်နှင့်သိုး မွေးမြူရေးလုပ်ငန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-သာစည်လမ်းရှိဦးမြဟန် ဆိတ်နှင့်သိုး မွေးမြူရေးလုပ်ငန်းသို့ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးမြဟန်က ဆိတ်နှင့်သိုးများမွေးမြူထားရှိမှု၊ ဒေသထွက်ကုန်များဖြစ်သည့် ဝါစေ့ခွံ၊ ဆီးခွံ၊ ပဲနောက်၊ ပဲတီစိမ်းဖတ်များ၊ မြေပဲရိုးများဖြင့် စပ်စာ ကျွေးမွေးလျက်ရှိမှု၊ ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိမှုနှင့် လုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ ဒေသတွင်းမွေးမြူရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မိရိုးဖလာစနစ်အတိုင်းမွေးမြူခြင်းထက် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းအဖြစ်သို့လည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူထုတ်လုပ်သူနှင့် ဝယ်ယူစားသုံးသူတို့၏အကြား၌ ကြားခံအဆင့်များ များနေပါက အသားငါးဈေးနှုန်းများသည်လည်း ကြီးမြင့်နေမည်ဖြစ်သဖြင့် မွေးမြူထုတ်လုပ်သူနှင့် စားသုံးသူတိုက်ရိုက် စနစ်တစ်ခုကို ဖော်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အကောင်လိုက် ရောင်းချခြင်းထက် အသားကို အဆင့်မီထုတ်ကုန်အဖြစ် ထုတ်လုပ်၍ အေးခဲသားများ၊ အသားခြောက်များ ပြုလုပ်ရောင်းချနိုင်ရေးအတွက် အသားထုတ်လုပ်မှုစက်ရုံကိုလည်း ဆောင်ရွက်သင့်ကြောင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ အနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ ထိုက်သင့်သည့် အမြတ်ရရှိရေး၊ စားသုံးသူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် အသားဈေးနှုန်းများကို သတ်မှတ်ဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း ဆွေးနွေးပြောကြားပြီး လုပ်ငန်းခွင်အခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**GARDEN FAMILY ဆိတ်မွေးမြူရေးလုပ်ငန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆူးဖြူခက်ကျေးရွာရှိ GARDEN FAMILY ဆိတ်မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးမောင်မြင့်က လုပ်ငန်း လည်ပတ်လျက်ရှိသည့် အခြေအနေများ၊ ဂျိတ်နီဆိတ်မျိုးနှင့် ထိန်စမ်းဆိတ်မျိုးတို့ကို မွေးမြူထားရှိမှုအခြေအနေများ၊ အစာကျွေးမွေးမှု စနစ်များနှင့် နေဗီယာမြက်စိုက်ခင်း ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသတွင်း ထွက်ရှိသည့်ကုန်ကြမ်းများကို အကျိုးရှိရှိ အသုံးပြု၍ ယခုကဲ့သို့ မွေးမြူရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းမှုကို တွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဆိတ်များအား အမျိုးအစားအလိုက်၊ အသက်အရွယ်အလိုက် အသားနူးညံ့မှုနှုန်းထားနှင့် အာဟာရပါဝင်မှု နှုန်းထားများကိုလည်း သုတေသနပြု ဆောင်ရွက်သင့်ကြောင်း၊ ပြည်ပနိုင်ငံများ၏ မွေးမြူမှုစနစ်များနှင့် အစာကျွေးမွေးမှု စနစ်များကိုလည်း အမြဲမပြတ်လေ့လာကြည့်ရှုရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးပြောကြားကာ GARDEN FAMILY ဆိတ်မွေးမြူရေးလုပ်ငန်းမှ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

စာမျက်နှာ ၅ သို့ ★

## ဆွစ်ဇာလန်က ဟန်ဂေရီကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ယူ၊ နာမည်ကြီး စပိန်တို့ ခရိုအေးရှားကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိ

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(က)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်အချိန်က ဂျာမနီနိုင်ငံ၊ ကိုလုံးမြို့၊ ကိုလုံးဘောလုံးကွင်းတွင် ဟန်ဂေရီအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွစ်ဇာလန်အသင်းက ဟန်ဂေရီအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် ဟန်ဂေရီနှင့် ဆွစ်ဇာလန်အသင်းတို့

စာမျက်နှာ ၆ သို့ ❑

